# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ နယုန်လကွယ်၊ သောကြာနေ့။ Friday, 5 July 2024 ၁၁၅၀၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



## နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာဗျူဟာ မိတ်ဖက်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


**သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်**

ဆောင်းပါး

စာမျက်နှာ » ၆

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ Obninsk မြို့တွင် ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ နှစ် (၇၀) ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သော 2nd International Youth Nuclear Forum သို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ရင်တွင်းစကားသံများ**

စာမျက်နှာ » ၉

**၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ် ကာလအတွင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ၃၄ ရာခိုင်နှုန်းကျဆင်း**

စာမျက်နှာ » ၁၂

ကြေးမုံ

# နိုင်ငံတိုးတက်ရေးကြိုးပမ်းကြသူများအား ဂုဏ်ပြု

ဗလငါးတန်နှင့်ပြည့်ဝသော လူငယ်လူရွယ်များ ပြုစုပျိုးထောင်ပေးနိုင်မှ ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ လူငယ်လူရွယ်များ ဗလငါးတန်ပြည့်ဝရေး၊ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်ရေးအတွက် စဉ်ဆက်မပြတ် ပညာသင်ကြားရေးနှင့် ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးကွင်းဆက်တစ်လျှောက်၌ ကျောင်းထွက်နှုန်းများပြီး ပညာတတ်သူနည်းပါးလာမည့် အခြေအနေရှိသောကြောင့် ပညာရေးမြှင့်တင်မှု လုပ်ငန်းများကို နိုင်ငံတော်က စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာတတ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးတွင် မိခင်များနှင့် ဆရာမများဖြစ်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အဓိကကျသည့်အနေအထားဖြင့် ပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ပညာရည်မြင့်မားလာမှု အညွှန်းကိန်းများတွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များကို အားတက်ဖွယ်မြင်တွေ့နေရသည်။

“ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေမှာ ကွာဟချက်မကြီးမားစေရေးအတွက် အတတ်ပညာတတ်မြောက်ပြီး အသိပညာပြည့်စုံတဲ့ ပညာတတ်များပေါ်များဖို့လည်း လိုအပ်ပါတယ်။ အတန်းပညာရှိမှ အသိပညာနဲ့ အတတ်ပညာရဖို့ လွယ်ကူမှာဖြစ်ပြီး လူငယ်များ မိမိခြေထောက်ပေါ် ရပ်တည်နိုင်စေဖို့အတွက် အသိပညာများ၊ အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရမှာဖြစ်ပါတယ်”ဟု ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ ပညာရေးနိမ့်ကျမှုကို မြှင့်တင်နိုင်ရန်အတွက် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းနေသည့်ကလေးတိုင်း အနည်းဆုံး အခြေခံပညာအဆင့်၌ KG+9 အထိ ပြီးမြောက်အောင်သင်ယူရေး မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အချိန်မတိုင်မီ ကျောင်းမထွက်ကြစေရေး၊ တန်းစဉ်ကူးပြောင်းမှုမလျော့နည်းစေရေးနှင့် အသက်မွေးဝမ်းကျောင်းပညာနှင့် အဆင့်မြင့်ပညာများ သင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လူငယ်လူရွယ်များ အသိပညာ၊ အတတ်ပညာတတ်မြောက်ရေးကို ဆောင်ရွက်ရာ၌ အမျိုးသမီးများအနေဖြင့် တစ်မူထူးခြားစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ အမျိုးသမီးငယ်များအနေဖြင့် ပညာစတင်သင်ကြားရေးတွင် အားနည်းခဲ့သော်လည်း စဉ်ဆက်မပြတ် ပညာသင်ကြားရေးနှင့် ပညာအမွေဆက်လက်ပေးဝေရေး၌ အားကောင်းလာသည်ကို တွေ့ရသည်။ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ ကျောင်းမနေဖူးသူနိုင်ငံသားများတွင် အမျိုးသားများထက် အမျိုးသမီးများက ပိုများခဲ့သည်။ အမျိုးသားများအနေဖြင့် ကျောင်းထွက်နှုန်းပိုများပြီး အမျိုးသမီးအများစုမှာ ပညာဆက်လက်သင်ကြားကြသည်ကို တွေ့ရသည်။

လက်ရှိတွင် အမျိုးသမီးများအနေဖြင့် အခြေခံပညာကဏ္ဍ၌ ၅၀ ရာခိုင်နှုန်းကျော်၊ အဆင့်မြင့်ပညာကဏ္ဍ၌ ၆၀ ရာခိုင်နှုန်းကျော်၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၌ ၅၀ ရာခိုင်နှုန်းနီးပါး၊ ဆေးပညာကဏ္ဍ၌ ၇၀ ရာခိုင်နှုန်းကျော် ပညာသင်ကြားနေကြသည်ကိုတွေ့ရသည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများတွင် အမျိုးသမီးများက ၆၀ ရာခိုင်နှုန်းကျော် အောင်မြင်ခဲ့သည်။ ပညာအမွေပေးဝေမှုများနှင့်ပတ်သက်၍ ပညာရေးနယ်ပယ်အားလုံးတွင် အမျိုးသမီးများသည် ၈၀ ရာခိုင်နှုန်းကျော် သင်ကြားရေးတာဝန်ထမ်းဆောင်နေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များပျိုးထောင်ရေး၊ လူငယ်လူရွယ်များ ဗလငါးတန်ပြည့်ဝရေးတို့ ဆောင်ရွက်ရာ၌ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုဖွား အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းများအပါအဝင် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံ၊ နယ်ပယ်အသီးသီးတို့တွင် ကာယအား၊ ဉာဏအားများဖြင့် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအကျိုးကို အမျိုးသားများနှင့်တန်းတူ စွမ်းစွမ်းတမံ ပါဝင်ထမ်းဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ၏အနာဂတ် ပိုမိုကောင်းမွန်လာရေးအတွက် လူငယ်လူရွယ်များအား ဗလငါးတန်ပြည့်ဝသူများဖြစ်လာရေး၊ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာရေးအတွက် ပြုစုပျိုးထောင်ပေးရေးအပြင် နိုင်ငံတော်၏ ကျရာကဏ္ဍတွင် အမျိုးသားများနှင့်တန်းတူ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီးများကို မြှင့်တင်အားပေးပြီး ဂုဏ်ပြုလိုက်ရပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၆) ရက် ( စနေနေ့ )




**“ Cooperatives Build a Better Future for All ”**

**“အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး”**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၄၃ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမင်းထွဋ်အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Accountများအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြု စေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**

## ကျောက်တံတားမြို့နယ်၌ ပြင်ပစာပို့ကုန်လုပ်ငန်းငွေစုငွေချေး သမဝါယမအသင်းနှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပြင်ပစာပို့ကုန်လုပ်ငန်း ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၄ ရက်က ဗိုလ်အောင်ကျော်လမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး တွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးဝင်းက အမှာစကား ပြောကြားပြီး စုဆောင်းငွေအပေါ် ငွေကျပ် ၃၉၉၆၄၂၇ ကို ပေးအပ်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ အသင်းဥက္ကဋ္ဌဒေါ်ကေသီလွင်နှင့် အသင်းသားများ တက်ရောက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၃,၄၀၀ | ၉,၀၀၀ | ၂၀၃ | ၁,၈၁၇,၇၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၅၀ | ၆,၈၂၇ | ၂၃,၂၂၃,၀၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁၂၆ | ၁,၀၃၃,၂၀၀ |
| FPB | ၁,၆၅၀ | ၁,၇၅၀ | ၁,၆၅၅ | ၂,၇၅၄,၂၀၀ |
| TMH | ၂,၇၀၀ | ၂,၇၅၀ | ၃၅၇ | ၉၇၈,၉၀၀ |
| EFR | ၁,၈၅၀ | ၁,၈၀၀ | ၂,၀၈၉ | ၃,၇၈၁,၁၅၀ |
| AMATA | ၄,၅၀၀ | ၄,၇၀၀ | ၂၈ | ၁၂၆,၄၀၀ |
| MAEX | ၃,၇၅၀ | ၃,၇၀၀ | ၁,၀၃၀ | ၃,၈၂၂,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းမှုရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



## စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့၌ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့

**မြစ်ကြီးနား ဇူလိုင် ၄**

မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့သဖြင့် မြစ်ကြီးနားမြို့၌ ဇွန် ၃၀ ရက်ကစ၍ စံချိန်တင် မြစ်ရေကြီးမြင့်မှု ဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့် ပြည်သူများအား ရေဘေးရှောင်စခန်းများ ဖွင့်လှစ်၍ ကူညီကယ်ဆယ် ထောက်ပံ့ပေးလျက်ရှိပြီး အဆိုပါရေဘေးသင့် ပြည်သူများအား ပြန်လည် ထူထောင်ရေးနှင့် အားပေး ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ သည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီး နားမြို့သို့ ရောက်ရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**တက်ရောက်**

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များသည် မြစ်ကြီးနား မြို့ ရမ်ပူရပ်ကွက် နယ်မြေ (၉) အတွင်း ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် မဟာ အောင်မြေရွှေဘိုကျောင်းတိုက်သို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူ များအား ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် သည်။

ထောက်ပံ့လှူဒါန်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက ရေဘေးသင့် ပြည်သူများအား မြစ်ကြီးနားမြို့ တွင် ဇွန် ၃၀ ရက်က စံချိန်တင် မြစ်ရေကြီးမြင့်မှုကြောင့် ရေဘေး သင့်မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အမျိုး သား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေ ဖြင့် ထောက်ပံ့ပေးအပ်မှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေ ပြန်ကျဆင်းနေပြီ ဖြစ်သည့်အတွက် မိမိတို့နေအိမ်များတွင် ပြန်လည် နေထိုင်နိုင်ရေး ကြိုးစားဆောင် ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လိုအပ်ချက်များကို မိမိတို့အနေ ဖြင့် ကူညီပံ့ပိုးဖြည့်ဆည်းမှုများ ဆက်လက် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

**ထောက်ပံ့လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဆိုပါ ရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၈၇ စု၊ လူဦးရေ ၁၀၀၀ ကျော်တို့အတွက် ဆန်အိတ် ၁၀ အိတ်ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီးတို့က ခေါက်ဆွဲ ခြောက် ၃၅ ဖာ၊ ငါးသေတ္တာ သုံးဖာနှင့် ကုလားပဲ တစ်အိတ် တို့ကိုလည်းကောင်း၊ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးက မိသားစုများအတွက် ထမင်းဘူး များကိုလည်းကောင်း ထောက်ပံ့ လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့ ရေဘေးသင့်ပြည်သူများအတွက် ထမင်းဘူးများ ထောက်ပံ့လှူဒါန်းစဉ်။

ဆက်လက်၍ စခန်းနေ အိမ်ထောင်စုများကိုယ်စား ပြည်သူ တစ်ဦးက လတ်တလောနေထိုင် စားသောက်ရာတွင် လိုအပ်ချက် များနှင့် အခက်အခဲများ တင်ပြမှု အပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက် ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က ပြည်သူများ အား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးကာ ကျန်းမာ ရေးဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် ရမ်ပူရပ်ကွက် နယ်မြေ (၇)အတွင်းရှိ အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်းခွဲ၌ ရေဘေးရှောင် ပြည်သူများနှင့် တွေ့ဆုံပြီး ရေဘေးသင့်ပြည်သူ များအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီး ချုပ်တို့က ဆန်အိတ် ငါးအိတ်၊ ခေါက်ဆွဲခြောက်ဖာ ၂၀၊ ငါးသေတ္တာ နှစ်ဖာနှင့် ကုလားပဲတစ်အိတ် တို့ကိုလည်းကောင်း၊ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး မိသားစုက အလှူအဖြစ် ထမင်း ဟင်း တစ်နပ်စာကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး မိသားစု များ၏ လိုအပ်ချက်များ၊ အခက် အခဲများကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေ မှုများကို အားပေးကြည့်ရှုကြ သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် သည် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများနှင့်အတူ မြစ်ကြီးနားမြို့ စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည် ခန်းမ၌ ပြုလုပ်သည့် ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူရှင် များက ငွေကြေးနှင့် စားသောက် ကုန်များ ပေးအပ်လှူဒါန်းပွဲ အခမ်း အနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက မြစ်ကြီးနားမြို့ စံချိန် တင် မြစ်ရေကြီးမြင့်ခဲ့သည့် ဖြစ်စဉ်အပေါ် ပြည်နယ်အစိုးရ အဖွဲ့၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများက စည်းစည်းလုံးလုံး ဖြင့် အတူတကွ ပူးပေါင်းလက်တွဲ၍ ဆောင်ရွက် နေကြသည့်အတွက် ထိခိုက်မှုမရှိအောင် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်ပါ ကြောင်း၊ သဘာဝဘေးဖြစ်ပေါ်ပြီး နောက်ဆက်တွဲ ဖြစ်ရပ်/ဖြစ်စဉ် များဖြစ်သည့် ကျန်းမာရေးကိစ္စရပ် များ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း မိမိတို့အနေ ဖြင့် ထိန်းချုပ်ဆောင်ရွက်သွားကြ ရမည်ဖြစ်ပါကြောင်း ပြောကြား သည်။

**ဝမ်းမြောက်စကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ရေဘေးသင့် ပြည်သူများအတွက် မြစ်ကြီးနား ယူနန်ဘုံကျောင်းနှင့် ထိန်ချုံးဟုန်ရှင် ကုမ္ပဏီတို့က ပြည်နယ် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီထံ ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၂၀၀၊ ဆန်အိတ် ၄၀၀၊ ဆီ ၁၀ ပိဿာဘူး ၁၀၀၊ ခေါက်ဆွဲ ခြောက်ဖာ ၃၀၀ နှင့် ရေသန့်ဘူး များကို လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် ၍ မြစ်ကြီးနား ယူနန်ဘုံကျောင်း ဥက္ကဋ္ဌ ဦးအောင်မြင့်က လှူဒါန်း ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကာ ပြည်နယ်ဝန်ကြီးချုပ် က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း လှူဒါန်းငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၄**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသော အားဖြင့် ကချင်ပြည်နယ်ရေဘေးသင့်ပြည်သူများ အတွက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေး သူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ကျင်းပ သည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးများ နှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက ကချင်ပြည်နယ် ရေကြီး ရေလျှံမှုတွင် စီမံခန့်ခွဲဆောင်ရွက်နေမှုများကို ပြောကြားကာ လှူဒါန်းငွေကျပ် သိန်း ၃၀ ကို လက်ခံ ရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အလားတူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌက ငါးသေတ္တာဘူး ၁၇၅၀၀ ပေးပို့လှူဒါန်းမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု



ကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနတို့က ထောက်ပံ့သော တာပေါ်လင်လိပ်များ၊ အဝတ်အထည်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများကို ဇူလိုင် ၃ ရက်က တပ်မတော်လေယာဉ်ဖြင့် ကချင်ပြည်နယ်ရှိ ရေဘေး သင့်ပြည်သူများအတွက် ပေးပို့ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးကျော်စိုးမိုး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော်　ဇူလိုင်　၄**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စိုးမိုးသည် ၎င်း၏ခန့်အပ်လွှာကို ယနေ့တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ရှာဟာဘူဒင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံ

**နေပြည်တော်　ဇူလိုင်　၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးကိစ္စရပ်တို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ အဲကွန်းတပ်ဆင်ပြုပြင်ခြင်းသင်တန်း ဖွင့်လှစ်

**ပုသိမ်　ဇူလိုင်　၄**

ဧရာဝတီတိုင်း ဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အလုပ်သမားဝန်ကြီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးပညာ သင်တန်းကျောင်း(ပုသိမ်)တို့ ပူးပေါင်းဖွင့်လှစ်သော အဲကွန်းတပ်ဆင်ပြုပြင်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာ ဝန်ကြီးက တက်ရောက် အမှာစကား ပြောကြားပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အခမ်းအနားသို့ တက်ရောက်သည့် ဌာနဆိုင်ရာများ၊ သင်တန်းသားများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။



အဆိုပါ အဲကွန်းတပ်ဆင်ပြုပြင်ခြင်းသင်တန်းတွင် ပုသိမ်ခရိုင်နှင့် ပုသိမ်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသားစုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်တက္ကသိုလ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

**ပြည်　ဇူလိုင်　၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ်၌ ယနေ့နံနက်ပိုင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ သက်သက်ထွန်းက အခမ်းအနား ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် စာရေးဆရာ မောင်နေခြည်(ပြည်)က သုတ/ရသစာပေအကြောင်း အပါအဝင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကို အသိပညာပေးဆွေးနွေးဟောပြောရာ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး ပြည်တက္ကသိုလ် သင်တန်းရေးရာ ဌာနမှူးက စာရေးဆရာမောင်နေခြည်(ပြည်) အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။



**ကြည့်ရှုလေ့လာ**

ဆက်လက်၍ ကျောင်းသားကျောင်းသူများနှင့် တက်ရောက်လာကြသူများက ဘက်စုံသုံးခန်းမရှေ့၌ ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံမှတ်တမ်းများနှင့် စာအုပ်ဈေးအရောင်းဆိုင်များမှ သုတ/ရသ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာ ဝယ်ယူဖတ်ရှုကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့ အမက(တောလေး) ၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

**ကျိုက်ထို　ဇူလိုင်　၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ အမက(တောလေး) ၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးရဲဇာနည်အောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာပေလေ့လာဖတ်ရှုကြရေး ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်



စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြပြီး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟသ်ာတမြို့နယ်၌ အခွန်အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ဟသ်ာတ　ဇူလိုင်　၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက အခွန်တိုးတက်ကောက်ခံရရှိရေးနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရေး အခွန်အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းက အဖွင့်အမှာစကားပြောကြားကာ ဟသ်ာတမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဒေါ်နော်ခူးဝါးဖောက အခွန်ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စီမံကိန်းဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်

**စိန်ဌေးလှိုင် (ဟိုပုံးမြေ)**

နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ နိုင်ငံသား လူတစ်ဦးချင်းစီ၏ အသက်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ယောကျ်ား၊ မိန်းမ အလုပ်အကိုင် စသည့်အချက်အလက်များနှင့် ပတ်သက်၍ အပြည့်အစုံမှတ်တမ်းတင်ထားသော စာရင်းကို “သန်းခေါင်စာရင်း”ဟု ခေါ်ဆိုသည်။ သန်းခေါင်စာရင်းကို အင်္ဂလိပ်ဘာသာစကားဖြင့် Census ဟုခေါ်ဆိုပြီး လက်တင်ဘာသာစကား Censere မှ ဆင်းသက်လာ၏။ ကုလသမဂ္ဂက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ “၁၀ နှစ်လျှင် တစ်ကြိမ် ကောက်ယူရန်၊ လူတစ်ဦးချင်းစီကို ကောက်ယူရန်၊ နယ်နိမိတ် တစ်ခုအတွင်းရှိ နေထိုင်သူအားလုံးကို ကောက်ယူရန်၊ သတ်မှတ်ထားသောအချိန်ကာလအတွင်း တစ်ပြိုင်တည်းကောက်ယူရန်၊ နိုင်ငံတကာကျင့်သုံးမှုများနှင့် ကိုက်ညီရန်”စသည်ဖြင့် အကြံပြုထားသည်။ ယနေ့ခေတ်တွင်သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေအရေအတွက်ကိုသာမကဘဲ တစ်ဦးချင်းစီ၏ ဝိသေသအသေးစိတ်အချက်အလက်များကိုပါ ကောက်ယူလျက်ရှိရာ “လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း” ဟု ခေါ်ဆိုသည်။

**အိမ်ထောင်စုပေါင်း ၁၂ သန်းကျော်အတွက် စာရင်းရယူနိုင်ခဲ့**

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက် ကတည်းကပင် သန်းခေါင်စာရင်းကောက်ယူမှုရှိခဲ့သည်။ မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ် သာလွန်မင်းတရားကြီးလက်ထက်တွင် လူဦးရေ၊ အိမ်ခြေ၊ မြေအကျယ်အဝန်း၊ သီးနှံအထွက်နှုန်း၊ စီးပွားရေးအခြေအနေနှင့် ပေးဆောင်ရသည့် အခွန်နှုန်းတို့ကို စစ်တမ်းအဖြစ် ကောက်ယူခဲ့သည်။ ၁၈၇၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ ညသန်းခေါင်အချိန်တွင် အင်္ဂလိပ်တို့က အောက်မြန်မာပြည်၌ လူဦးရေစာရင်းကောက်ယူခဲ့ရာမှ ယခုထက်တိုင် သန်းခေါင်စာရင်းဟု အမည်တွင်လာခဲ့သည်။ ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းကို ၁၈၉၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီးကာလတွင် မြန်မာနိုင်ငံတော်အစိုးရသည် သန်းခေါင်စာရင်းကောက်ယူခြင်းကို ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ အဆင့်သုံးဆင့်ဖြင့် ကောက်ယူခဲ့သည်။ ပထမအဆင့်အနေဖြင့် ၁၉၅၃ ခုနှစ်တွင် မြို့ပေါင်း ၂၅၂ မြို့ကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၁၉၅၄ ခုနှစ်တွင် ကျေးရွာအုပ်စုပေါင်း ၂၁၄၃ အုပ်စုကိုလည်းကောင်း ကောက်ယူခဲ့သည်။ ထိုသို့ကောက်ယူရာတွင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကိုသာ ကောက်ယူနိုင်ခဲ့ပြီး ကျန် ၇၀ ရာခိုင်နှုန်းကို ၁၉၆၁ ခုနှစ်တွင် ကောက်ယူရန်သတ်မှတ်ခဲ့သော်လည်း မဆောင်ရွက်နိုင်ခဲ့ပေ။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် တစ်ကြိမ်စီကောက်ယူခဲ့ရာ ယင်းကာလနောက်ပိုင်းတွင် ပြည်လုံးကျွတ်အဆင့် မကောက်ခံနိုင်ခဲ့ပေ။ ၁၉၉၁ ခုနှစ်မှစတင်ပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင် နမူနာကောက်ကွက်များ ရွေးချယ်ကာ ငါးနှစ်လျှင် တစ်ကြိမ် လူဦးရေစစ်တမ်းကောက်ယူခဲ့သည်။ ထိုစစ်တမ်းမှရရှိသည့်မွေးနှုန်းနှင့် သေနှုန်းတို့ကို အခြေခံ၍ လူဦးရေပညာဖြင့် တွက်ချက်ကာ နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့တွင် လူဦးရေစာရင်းထုတ်ပြန်ခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund)၏ ပံ့ပိုးကူညီမှုဖြင့် “ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း” ကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ အိမ်ထောင်စုပေါင်း ၁၂ သန်းကျော်အတွက် စာရင်းရယူနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ထောင်စုလူဦးရေမှာ ၅၁၄၈၆၂၅၃ ဦးရှိသည်။ ထို့နောက် ၂၀၁၉ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ ခရိုင် ၇၁ ခုတို့တွင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူခဲ့ရာ သမားရိုးကျ အိမ်ထောင်စုလူဦးရေပျမ်းမျှ ၅၁၁၄၄၆၀၇ ဦးရှိကြောင်း အညွှန်းကိန်းများအရ သိရှိရသည်။

သန်းခေါင်စာရင်းသည် ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး စသည့်အကြောင်းအရာအားလုံးနှင့် သက်ဆိုင်နေသည်။ နိုင်ငံတစ်နိုင်ငံတွင် အစိုးရ၏ မည်သည့် လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ သန်းခေါင်စာရင်းကိုအခြေခံရမြဲဖြစ်သည်။ အစိုးရအဖွဲ့သည် တိုင်းပြည်တစ်ခုလုံး၏ လူဦးရေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ အသက်အပိုင်းအခြားအလိုက် ယောကျ်ား၊ မိန်းမဦးရေ၊ ပညာသင်ကြားလျက်ရှိသူ၊ ပညာတတ်မြောက်သူ၊ လုပ်ငန်းအမျိုးမျိုးတွင် လုပ်ကိုင်သူ၊ ကလေးမွေးဖွားမှုနှုန်း စသည်တို့ပါဝင်သော အကြောင်းအချက်စာရင်းများကို သိရှိထားရပေမည်။ ထိုအကြောင်း အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ မှန်ကန်စွာသိရှိနိုင်ရန် သန်းခေါင်စာရင်းကို ကောက်ယူကြရသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ စီးပွားရေးကို စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရာတွင် သန်းခေါင်စာရင်းသည် အရေးပါလှသည်။ ထို့ကြောင့် သန်းခေါင်စာရင်းသည် ပြည်သူတစ်ဦးချင်းအတွက် လည်းကောင်း၊ တိုင်းပြည်အတွက် လည်းကောင်း များစွာ အရေးကြီးပေသည်။

**လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာပြောင်းလဲမှုများ**

သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ အခွင့်အရေးနှင့် ပြည်သူလုထုအကျိုးဖြစ်သည်ဟု ဆိုရပေမည်။ နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်၍တရားမျှတသော ပါတီစုံရွေးကောက်ပွဲများ ကျင်းပရာတွင် ဆန္ဒမဲပေးသူစာရင်းမှာ တိကျမှန်ကန်မှုရှိရန် အထူးလိုအပ်လှသည်။ ထိုစာရင်းကို သန်းခေါင်စာရင်းမှ ရယူပါသည်။ ထို့ကြောင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့ပြီးဖြစ်ရာ ၂၀၂၄ ခုနှစ်၌ အချိန်ကျရောက်ပြီဖြစ်သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ စက်တင်ဘာလ ၃၀ ရက်နေ့ ဖြစ်သည်။ ရည်ရွယ်ချက်များမှာ “တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်စာရင်းများ အချိန်နှင့်တစ်ပြေးညီရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ ပြောင်းလဲမှုများကို သုတေသနပြုပြီး လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ရေးဆွဲနိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ဖော်ဆောင်ရာတွင် လိုအပ်သော အညွှန်းကိန်းများ ပေးနိုင်ရန်၊ မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းမှန်ကန်စေရေးကို အထောက်အကူဖြစ်စေရန်” စသည်တို့ဖြစ်ကြသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း နေထိုင်သူအားလုံးကို စာရင်းကောက်ယူပါမည်။ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ဂေဟာ၊ ဘုန်းတော်ကြီးကျောင်း၊ အကျဉ်းထောင်၊ ဘော်ဒါဆောင်၊ ဆေးရုံ၊ အိမ်ခြေရာမဲ့သူများအပါအဝင် လူအားလုံးကိုလည်း ကောက်ယူပါမည်။ ရှေ့ပြေးအစီရင်ခံစာကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အစီရင်ခံစာများကို ၂၀၂၅ ခုနှစ်တွင်လည်းကောင်း ထုတ်ပြန်နိုင်ရေး လျာထားပါသည်။ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် စိတ်ပါဝင်စားသူများကို ခန့်အပ်ပါမည်။ နိုင်ငံတကာတွင် အသုံးပြုနေသည့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့်စနစ် (Computer Assisted Personal Interviews၊ C.A.P.I)ကို အသုံးပြုကာ ပရိုဂရမ်ထည့်သွင်းထားသော Mobile Tablet များဖြင့် အိမ်တိုင်ရာရောက် ကောက်ယူသွားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် “သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ”ကို ဖွဲ့စည်းထားရှိသည်။ နိုင်ငံပိုင်မီဒီယာများ၊ ဝက်ဘ်ဆိုက်များ၊ အွန်လိုင်းမီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ ထို့ပြင် ပိုစတာစိုက်ထူခြင်း၊ တိုင်းရင်းသားဘာသာစာပေများဖြင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် “၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း” သည် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးရေးလျာထားချက်များနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်များကို အထောက်အကူပြုလျက်ရှိသည်။ ၂၀၂၄ ခုနှစ် စာရင်းမှ ရရှိသောအချက်အလက်များသည် လွတ်လပ်၍တရားမျှတသော ပါတီစုံရွေးကောက်ပွဲကြီးကို အဓိကအထောက်အကူပြုမည် ဖြစ်ပေသည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အကျိုးရှိရှိ လုပ်ဆောင်နိုင်မည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ယခုဆောင်ရွက်မည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြရန် နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ကောက်ယူနိုင်ရေးအတွက် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူစဉ်။

**“ သန်းခေါင်စာရင်းသည် ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး စသည့်အကြောင်းအရာအားလုံးနှင့် သက်ဆိုင်နေသည်။ နိုင်ငံတစ်နိုင်ငံတွင် အစိုးရ၏ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ သန်းခေါင်စာရင်းကို အခြေခံရမြဲဖြစ်သည်။ အစိုးရအဖွဲ့သည် တိုင်းပြည်တစ်ခုလုံး၏ လူဦးရေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ အသက်အပိုင်းအခြားအလိုက် ယောကျ်ား၊ မိန်းမဦးရေ၊ ပညာသင်ကြားလျက်ရှိသူ၊ ပညာတတ်မြောက်သူ၊ လုပ်ငန်းအမျိုးမျိုးတွင် လုပ်ကိုင်သူ၊ ကလေးမွေးဖွားမှုနှုန်း စသည်တို့ပါဝင်သော အကြောင်းအချက်စာရင်းများကို သိရှိထားရပေမည်။ ထိုအကြောင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ မှန်ကန်စွာသိရှိနိုင်ရန် သန်းခေါင်စာရင်းကို ကောက်ယူကြရသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ စီးပွားရေးကို စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရာတွင် သန်းခေါင်စာရင်းသည် အရေးပါ ”**


ကိုးကား-

၂၀၁၉ ခုနှစ်ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အနှစ်ချုပ်အစီရင်ခံစာ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ဝေသောစာစောင်များ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ စတုတ္ထအကြိမ်မြောက် ဟိမဝန္တာတောင်တန်းများဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်၏ ကြိုဆိုမိတ်ဆက် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၄

စတုတ္ထအကြိမ်မြောက် တရုတ်နိုင်ငံ ရှီကျန်းဒေသ၌ ကျင်းပသည့် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (4th China Xizang Trans–Himalaya Forum for International Cooperation) သို့ တက်ရောက်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညန်ချီမြို့နှင့် လူလန်မြို့သို့ ရောက်ရှိရာ ညန်ချီမြို့ Chinese People’s Political Consultative Conference (CPPCC) ၏ Vice President Mr. Zhu Zhenghui က ကြိုဆိုနှုတ်ဆက်သည်။




**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်တက်ရောက်လာသော နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်များနှင့် ရေခဲမြစ်များကြား အမြင့်မီတာ ၃၇၀၀ တွင် ကျယ်ပြန့်စွာ တည်ရှိနေသော တိဗက်ရိုးရာ ကုန်းမြေမြင့် တောင်ပေါ်မြက်ခင်းနှင့် စားကျက်မြေများထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ ဒေသခံ တိဗက်တိုင်းရင်းသားများ၏ လူနေမှုဘဝနှင့် ရိုးရာယဉ်ကျေးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လူလန်မြို့၌ကျင်းပသော ဖိုရမ်ကြိုဆိုမိတ်ဆက် ညစာစားပွဲအခမ်းအနားသို့ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်သည်။

အခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရေးမှူး Mr. Wang Junzheng နှင့် Vice President Mr. Zhu Zhenghui တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး တက်ရောက်လာသော နိုင်ငံများမှ ကိုယ်စားလှယ်များက ချစ်ကြည်ရင်းနှီးစွာ မိတ်ဆက်နှုတ်ဆက်ကြသည်။

ဇူလိုင် ၂ ရက်က ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာမြို့သို့ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Ms. Nie Xunli က လာဆာဂွန်ဂါလေဆိပ်၌ လာရောက်ကြိုဆိုတွေ့ဆုံပြီး နှစ်နိုင်ငံအကြား သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာဆာမြို့ လေဟာပြင်ကဇာတ်ရုံသို့ သွားရောက်၍ တိဗက်ရိုးရာယဉ်ကျေးမှု Princess Wencheng Opera ကို ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

# SCO အဖွဲ့ နိုင်ငံများ၏ မီဒီယာကိုယ်စားလှယ်များ စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ဆွေးနွေး

ရှန်ဟိုင်း ဇူလိုင် ၄

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO– Shanghai Cooperation Organization) နိုင်ငံများ၏ မီဒီယာစကားဝိုင်းဆွေးနွေးပွဲ (Media Delegations Round Table Meeting) ကို SCO ၏ အောင်မြင်မှုများနှင့် မျှော်လင့်ချက်များကို မီဒီယာရှုထောင့်အမြင် ( SCO: Achievements and Prospects from the perspective of Media) ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ SCO နိုင်ငံတကာ ဖလှယ်ရေးနှင့် တရားဥပဒေ ပူးပေါင်းဆောင်ရွက်ရေး တရုတ်အမျိုးသားသိပ္ပံ (CNISCO: China National Institute for SCO International Exchange and Judicial Cooperation) ၌ ကျင်းပရာ မြန်မာနိုင်ငံအပါအဝင် SCO ၏ မီဒီယာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



**ဆွေးနွေး**

မီဒီယာဆွေးနွေးပွဲသို့ SCO အိမ်နီးချင်းကောင်း စိတ်ဓာတ်၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် (GNFCCSCO : the Good–Neighborliness, Friendship and Cooperation Commission of Shanghai Cooperation Organization) အတွင်းရေးမှူးချုပ် Secretary General နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပ–အလယ်အာရှရေးရာဌာန (Department of European–Central Asian Affairs of MOFA) သံမှူးကြီး (Minister–Counselor) မစ္စကျန်ဝေ (Ms Zheng Wei)၊ ရှန်ဟိုင်းနိုင်ငံရေးသိပ္ပံ အကယ်ဒမီ (Shanghai Academy of Political Science) မှ အကြီးတန်း သုတေသနမှူး ပါမောက္ခ Pan Guang ၊ တရုတ်နိုင်ငံ အမျိုးသားနိုင်ငံတကာလေ့လာရေးအဖွဲ့ (China National Association for International Studies) ဒုတိယဥက္ကဋ္ဌပါမောက္ခ Liu Jun နှင့် ပညာရှင်များ တက်ရောက်၍ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ဆွေးနွေးချက်များ အပေါ် တက်ရောက်လာကြသည့် SCO နိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဆွေးနွေးကြပြီး ပညာရှင်များက အဆိုပါ မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

မီဒီယာစကားဝိုင်း ဆွေးနွေးပွဲသို့ SCO အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အိန္ဒိယ၊ အီရန်၊ ကာဇက်စတန်၊ တရုတ်၊ ကာဂျစ္စတန်၊ ပါကစ္စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ လေ့လာသူ (Observers) အဆင့်နိုင်ငံများဖြစ်သည့် အာဖဂန်နစ္စတန်၊ ဘီလာရုစ်၊ ဆွေးနွေးဖက် Dialogue Partners နိုင်ငံများဖြစ်သည့် အာဇာဘိုင်ဂျန်၊ အာမေးနီးယား၊ ဘာရိန်း၊ အီဂျစ်၊ ကမ္ဘောဒီးယား၊ ကာတာ၊ ကူဝိတ်၊ မော်လဒိုက်၊ မြန်မာ၊ နီပေါ၊ တူကီယဲနှင့် သီရိလင်္ကာနိုင်ငံတို့မှ မီဒီယာကိုယ်စားလှယ်များ စုစုပေါင်း ၂၆ ဦး တက်ရောက်ဆွေးနွေးကြသည်။

တရုတ်ပညာရှင်များက SCO သည် ကန့်သတ်ပိတ်ဆို့မှု sanctions များကို ဆန့်ကျင်ပြီး ယင်းကန့်သတ် ပိတ်ဆို့မှုများကြောင့် ကမ္ဘာပေါ်တွင် ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ သေဆုံးနေကြရကြောင်း၊ SCO နိုင်ငံများရှိ ပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်နေကြောင်းနှင့် ကျွမ်းကျင်သင်တန်းများလည်း တိုးမြှင့်ပေးနေကြောင်း စသဖြင့် တင်ပြဆွေးနွေးခဲ့ကြသည်။

GNFCCSCO ဖိတ်ကြားချက်အရ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ရန်ကုန်မီဒီယာအုပ်စု (Yangon Media Group) ၏ ဥက္ကဋ္ဌ ဦးကိုကို(ကိုကို–စက်မှုတက္ကသိုလ်) က အဆိုပါ မီဒီယာကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

SCO မီဒီယာအဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ ၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်း၊ ဘေဂျင်းနှင့် ချင်းတောင်မြို့တို့တွင် လေ့လာရေးခရီးစဉ်များ၊ ဆွေးနွေးပွဲများ၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်နှင့် ဖိုရမ်ခွဲများ Green Development Forum and Sub forums ကို တက်ရောက်ကြမည်ဖြစ်သည်။

SCO မီဒီယာအဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့တွင် ရှိနေစဉ်အတွင်း တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး အစားအသောက် ပို့ဆောင်ရေးကုမ္ပဏီ ( Food delivery Ele.me)၊ NETA အမှတ်တံဆိပ် လျှပ်စစ်ကားထုတ်လုပ်သည့် Hozon New Energy Auto ကုမ္ပဏီ၊ ကမ္ဘာ့အကြီးဆုံး ပင်လယ်ရေနက်ဆိပ်ကမ်း Yangshan Port၊ ဥမင်လိုဏ်ခေါင်း တူးဖော်သည့် ယန္တရားများ ထုတ်လုပ်သည့် Shanghai Tunnel Enginneering ကုမ္ပဏီတို့ကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**KK**

# အင်္ဂပူမြို့နယ်၌ သစ်စိမ်းမြေသြဇာ ထွန်ယက်မြေခံထည့်သွင်းခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပွဲ ကျင်းပ

အင်္ဂပူ ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)ထွန်ယက်မြေခံထည့်သွင်းခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မကျီးကုန်းကျေးရွာအုပ်စု ရွှေတောင်စုကျေးရွာ၌ ပြုလုပ်ခဲ့သည်။

**ကွင်းဆင်းစစ်ဆေး**

သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ထည့်သွင်းထွန်ယက်ခြင်းကို ရွှေတောင်စုကျေးရွာရှိ တောင်သူဒေါ်ခင်မြင့်၏ လယ်ဧရိယာနှစ်ဧကတွင် ပြုလုပ်ခဲ့ရာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် ကော်မတီဝင်များကကွင်းဆင်းစစ်ဆေးသည်။

ယင်းနောက် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများက တောင်သူများအား ဆင်းသုခ မျိုးစပါးများပေးအပ်ခဲ့သည်။

ထို့နောက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ရွှေတောင်စုကျေးရွာရှိ တောင်သူဦးသန်းထိုက်၏ လယ်ဧရိယာတစ်ဧကတွင် ပြုလုပ်ခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သော်မြင့်က မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ကော်မတီဝင်များက ကြည့်ရှုအားပေးသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ပြည်သူလူထုအသိပညာပေးဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်ပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၄

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ပြည်သူများ သိရှိနားလည်ပူးပေါင်းပါဝင်လာစေရေးအတွက် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဆိုင်းဘုတ်များကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ခရိုင်အလိုက် မြို့ကြီးများ၏ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများတွင် စိုက်ထူဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်း သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေးဆိုင်းဘုတ် စိုက်ထူပွဲကို ယနေ့နံနက် ၈ နာရီခွဲက ပျဉ်းမနားမြို့နယ် မြို့တွင်းလမ်းဆုံ၌ ကျင်းပသည်။



အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်၍ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ခရီးသွားပြည်သူများအား သန်းခေါင်စာရင်းဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လာမည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ကောက်ယူမည်ဖြစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပြည်သူလူထုအသိပညာပေးဆိုင်းဘုတ်များကို ဥတ္တရသီရိ၊ ဇေယျာသီရိ၊ လယ်ဝေးနှင့် ပျဉ်းမနားခရိုင်များအတွင်း မြို့ကြီးများ၏ လူစည်ကားရာနေရာများတွင် စိုက်ထူဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လူထုအသိပညာပေးပိုစတာ စိုက်ထူ

တောင်ကြီး ဇူလိုင် ၄

ရှမ်းပြည်နယ် တောင်ကြီးခရိုင် သန်းခေါင်စာရင်းကော်မတီ၏ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လူထုအသိပညာပေးပိုစတာစိုက်ထူခြင်းကို ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့မဈေးလမ်းဆုံမီးပွိုင့်၌ ကျင်းပသည်။



ဦးစွာ ပိုစတာအား ရှမ်းပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ရှမ်းပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ရှမ်းပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်နှင့် ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်လင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လူထုအသိပညာပေး သန်းခေါင်စာရင်းပိုစတာအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လူထုလှုံ့ဆော်ရေးအထိမ်းအမှတ်အဖြစ် သန်းခေါင်စာရင်း ရုပ်အင်္ကျီများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ကြီးတံခွန်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပ

မန္တလေး ဇူလိုင် ၄

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်ရှိ အစ္စလာမ်ဘာသာ အခြေခံဘာသာရေးကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က သန်းခေါင်စာရင်းဆိုင်ရာရည်ရွယ်ချက်များ၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား အကျယ်တဝင့် အသိပညာပေးရှင်းလင်းပြီး မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင်က တက်ရောက်လာသည့်ပြည်သူများ၏ သန်းခေါင်စာရင်းဆိုင်ရာ မေးမြန်းလာမှုများအား ပြန်လည်ဖြေကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆန်း၊ မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**



# ပင်းတယမြို့နယ် အင်းငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

ပင်းတယ ဇူလိုင် ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက ရွှေပုထိုး(မြောက်)ကျေးရွာအုပ်စု အင်းငယ်ကျေးရွာ၌ထုတ်ချေးပေးခဲ့သည်။



ဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က အင်းငယ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်းငယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသူ အသင်းသား ၁၅၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၅၆ သိန်းအား အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂

○ ကျောဖုံးမှ

ဗိုလ်လုပွဲတွင် ဩစတြေးလျအသင်းနှင့် ထိုင်းအသင်းတို့ သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီ သရေကျနေသဖြင့် အချိန်ပိုဆက်မကစားဘဲ ပင်နယ်တီ အဆုံးအဖြတ်ခံယူရာ ဩစတြေးလျအသင်းက ရှစ်ဂိုး-ခုနစ်ဂိုး၊ စုစုပေါင်း ကိုးဂိုး-ရှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်း ပထမပိုင်းမှာပင် ချေပဂိုးပြန်ပေးခဲ့ရခြင်းဖြစ်သည်။

တတိယလုပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဩစတြေးလျအသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် တတိယအကြိမ် ဗိုလ်စွဲခြင်းဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်အသင်းရရှိထားသည့် ချန်ပီယံဆုအရေအတွက်ကို လိုက်မီခဲ့သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - AFC**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Obninsk မြို့တွင် ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ နှစ် (၇၀) ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သော 2nd International Youth Nuclear Forum သို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
အေးနန္ဒာဦး၊ စောအိမွန်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Obninsk မြို့ရှိ ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ နှစ် (၇၀) ပြည့်အထိမ်းအမှတ်အဖြစ် 2nd International Youth Nuclear Forum ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Obninsk မြို့တွင် နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) က ကြီးမှူးကျင်းပခဲ့သည်။ အဆိုပါဖိုရမ်သည် နည်းပညာဆန်းသစ်တီထွင်မှုနှင့် နျူကလီးယားပညာရေးနယ်ပယ်တွင် ကျွမ်းကျင်သူများ၊ ကျောင်းသားများ၊ သိပ္ပံပညာရှင်များနှင့် လူငယ်ပညာရှင်များ အတူတကွ ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းလည်းဖြစ်သည်။ ဖိုရမ်သို့ နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ကိုယ်စားလှယ် ၄၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အဆိုပါဖိုရမ်သို့ တက်ရောက်လေ့လာဆွေးနွေးခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အတွေ့အကြုံများ၊ ရင်တွင်းစကားသံများကို ယခုလို ကြားသိခဲ့ရပါသည် -


ဒေါက်တာသိင်္ဂီမောင်မောင်


ဒေါ်နန်းဇင်သီရိနောင်


မောင်ထက်လျှံဘုန်းနိုင်


မခြူးအိမ်စည်


မဝတ်ရည်ပပဝင်း


မဟန်နန္ဒီထွန်း

**ဒေါက်တာသိင်္ဂီမောင်မောင်**
**ညွှန်ကြားရေးမှူးချုပ်**
**အဏုမြူစွမ်းအင်ဦးစီးဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ရုရှားနိုင်ငံ Obninsk မြို့မှာ ကျင်းပတဲ့ 2nd International Youth Nuclear Forum ဖြစ်တဲ့ Obninsk Nuclear Education Week (NEW) 2024 ကို ROSATOM က ဖိတ်ကြားလို့ တက်ရောက်ခွင့်ရခဲ့ပါတယ်။ Obninsk မြို့က ရုရှားနိုင်ငံရဲ့ နျူကလီးယားသမိုင်းဝင်မြို့ ဖြစ်ပါတယ်။ ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို ၁၉၅၄ ခုနှစ်မှာ စတင်လည်ပတ်ခဲ့တဲ့အတွက် အခုနှစ် (၇၀) ပြည့်အခမ်းအနားကို ကျင်းပတာကိုလည်း တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဲဒီဖိုရမ်မှာ နျူကလီးယားကို စတင်လေ့လာနေတဲ့ မျိုးဆက်သစ်တွေအတွက် နျူကလီးယားဘာသာရပ်နယ်ပယ်က အတွေ့အကြုံရှိ ပညာရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးခွင့်ရတဲ့အတွက် အလွန်တန်ဖိုးရှိပါတယ်။ ဒီဖိုရမ်ကျင်းပစဉ်အတွင်း Nuclear Education ဆိုင်ရာ အခြားဆက်စပ်အစည်းအဝေးတွေလဲ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရဲ့ တက္ကသိုလ်တွေမှာ နျူကလီးယားနည်းပညာ သင်ကြားဖွင့်လှစ်နေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေကိုလည်း ဆွေးနွေးခဲ့ပါတယ်။

ရုရှားနိုင်ငံက တက္ကသိုလ်တွေမှာ တက်ရောက်နေတဲ့ နိုင်ငံတကာမှ ကျောင်းသားတွေရဲ့ စကားဝိုင်းဆွေးနွေးပွဲမှာ နျူကလီးယားနဲ့ ဆက်စပ်ဘာသာရပ်တွေ ပညာသင်ကြားနိုင်တဲ့ အခွင့်အလမ်းတွေ၊ တွေ့ကြုံရတဲ့ အခက်အခဲတွေကို ဆွေးနွေးဖလှယ်ကြတဲ့အတွက် ကျောင်းသားသစ်တွေအတွက် များစွာအကျိုးရှိစေပါတယ်။ တက်ရောက်လာတဲ့ ကျောင်းသားတွေဟာ နျူကလီးယားစက်ရုံ၊ ပြခန်းတွေလဲ လေ့လာခွင့်ရခဲ့ကြပါတယ်။ အလားတူ ရုရှားနိုင်ငံရှိ တက္ကသိုလ်တွေကနေ ဘွဲ့ရခဲ့ကြတဲ့ ကျောင်းသားဟောင်းတွေ့ဆုံပွဲကိုလည်း တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ၎င်းတို့သင်ကြားခဲ့ရမှု အတွေ့အကြုံတွေ၊ လက်ရှိတာဝန်ယူဆောင်ရွက်နေတဲ့ အခြေအနေနဲ့ အမှတ်တရစကားတွေလည်း လေ့လာသိရှိခဲ့ရပါတယ်။

**ဒေါ်နန်းဇင်သီရိနောင်**
**ကထိက**
**မန္တလေးနည်းပညာတက္ကသိုလ်**

ကျွန်မကတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Obninsk မြို့မှာ ကျင်းပတဲ့ နျူကလီးယားနည်းပညာဆိုင်ရာ နိုင်ငံတကာလူငယ်များဖိုရမ်ကို မန္တလေးနည်းပညာတက္ကသိုလ်နဲ့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) က ကျောင်းသားကျောင်းသူတွေနဲ့အတူ တက်ရောက်တာဖြစ်ပါတယ်။ ဒီဖိုရမ်မှာဆိုရင် လူငယ်တွေနဲ့ နျူကလီးယားနည်းပညာတွေ ထိတွေ့ချိတ်ဆက်နိုင်ဖို့အတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ၊ နည်းပညာပိုင်းဆိုင်ရာ အသိပညာဖြန့်ဝေမှုတွေ၊ သင်ကြားပြသမှုတွေကို နိုင်ငံတကာက လူငယ်တွေနဲ့အတူ တွေ့ဆုံဆွေးနွေးခဲ့ရပါတယ်။

ဒီပွဲလေးမှာဆိုရင် နိုင်ငံတကာကနေ ရုရှားနိုင်ငံမှာ ဘွဲ့ကြိုသင်တန်းလာတက်ကြတဲ့ ကျောင်းသား ကျောင်းသူ တော်တော်များများကိုလည်း တွေ့ခဲ့ရပါတယ်။ ကိုယ့်နိုင်ငံက ကျောင်းသားတွေလည်း နိုင်ငံတကာက ကျောင်းသားတွေနဲ့အပြိုင် ပြောဆိုဆွေးနွေးနိုင်တာကို တွေ့ခဲ့ရပါတယ်။ ကျောင်းသူတစ်ယောက်ဆိုရင် Group Leader အနေနဲ့ ဦးဆောင်ပြီး ဆွေးနွေးခဲ့ပါတယ်။ သူတို့လေးတွေ နိုင်ငံတကာနဲ့ဝင်ဆံ့နိုင်အောင် ကြိုးစားကြတာကို တွေ့ခဲ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ World First Nuclear Power Plant ရဲ့ နှစ် (၇၀) ပြည့် အထိမ်းအမှတ်အနေနဲ့ ကျင်းပတဲ့ပွဲလေးမှာ နိုင်ငံတကာမှ အသိပညာရှင် အတတ်ပညာရှင်တွေရဲ့ ဆွေးနွေးမှုတွေကိုလည်း တက်ရောက်နားထောင်လေ့လာခဲ့ရပါတယ်။

ပထမဆုံးသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးခဲ့တဲ့ နျူကလီးယားဓာတ်ပေါင်းဖိုကိုလည်း သွားရောက်လေ့လာခဲ့ရပါတယ်။ Nuclear Power Plant ဟာဆိုရင် ၄၈ နှစ်ကြာ အောင်မြင်စွာ၊ ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ အလုပ်လုပ်ခဲ့တဲ့ ဓာတ်ပေါင်းဖိုတစ်ခုဖြစ်တယ်လို့ သိရပါတယ်။ အခုအခါမှာတော့ ဓာတ်ပေါင်းဖိုရှိတဲ့နေရာကို Nuclear Energetics Museum အဖြစ်ဖွင့်လှစ်ထားပါတယ်။ အခုလို သွားရောက်လေ့လာခဲ့ရတဲ့အတွက် အသိပညာ၊ ဗဟုသုတတွေ များစွာရရှိတဲ့အပြင် နိုင်ငံတကာက လေ့လာနေသူတွေနဲ့ သိရှိခဲ့ရတဲ့အတွက် ကျေနပ်မိပါတယ်။ အတူတက်ရောက်ကြတဲ့ကလေးတွေ အနေနဲ့လည်း စိတ်အားထက်သန်မှုတွေ၊ သူတို့ကိုယ်သူတို့ ယုံကြည်မှု ပိုပြီးရှိလာစေတဲ့အတွက် နောင်အခုလိုပွဲတွေကို ကျောင်းသားကျောင်းသူတွေ ပိုပြီး တက်ရောက်ဖို့ အားပေးချင်ပါတယ်။

တက်ရောက်ခွင့်ရအောင်လည်း ကလေးတွေဘက်က လိုအပ်တဲ့ဘာသာရပ်ဆိုင်ရာ လေ့လာမှုတွေ၊ ဘာသာစကားသုံးနှုန်းမှုတွေကို ကြိုးစားပြင်ဆင်ထားစေချင်ပါတယ်။ အခုလို တက်ရောက်ခွင့်ရတဲ့အတွက် ထောက်ပံ့ပေးတဲ့ အစိုးရအဖွဲ့နဲ့ ROSATOM အဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်ထက်လျှံဘုန်းနိုင်**
**ဒုတိယနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

Obninsk NEW 2024 ကို ပါဝင်တက်ရောက်ဖို့အတွက် မန္တလေးနည်းပညာ တက္ကသိုလ်မှာ လျှောက်ထားဖြစ်ရာကနေ စတင်ခဲ့တာ ဖြစ်ပါတယ်။ ဒီ Program ရဲ့ အဓိကအကြောင်းအရာကတော့ Obninsk မြို့မှာ ပထမဆုံးတည်ဆောက်ခဲ့တဲ့ World First Nuclear Power Plant ရဲ့ နှစ် (၇၀) ပြည့် အခမ်းအနားနဲ့ နောင်မျိုးဆက်သစ်တွေအတွက် ဘယ်လိုတိုးတက်မှုတွေ လုပ်ကြမယ်ဆိုတာကို ဆွေးနွေးကြတဲ့ အခမ်းအနားပဲဖြစ်ပါတယ်။

ဒီ Program ရဲ့ ပထမဆုံးရက်မှာ နိုင်ငံအသီးသီးမှ မျိုးဆက်သစ်လူငယ်တွေက နျူကလီးယားနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ ဗဟုသုတတွေကို အချင်းချင်းမျှဝေဆွေးနွေးကြတဲ့ Workshop လေးကို လုပ်ခဲ့ရပါတယ်။ ဒုတိယရက်မှာဆိုရင် နိုင်ငံပေါင်းစုံက ကိုယ်စားလှယ်တွေ၊ နျူကလီးယားပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေက နျူကလီးယားနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ဆွေးနွေးတဲ့ Plenary Session တွေကို တက်ရောက်ခွင့် ရရှိခဲ့ပါတယ်။ နောက်ဆုံးရက်မှာတော့ ရုရှားနိုင်ငံရဲ့ နျူကလီးယားအဏုမြူစွမ်းအင်ကို လေ့လာတွေ့ရှိခဲ့တဲ့ Kurchatov ရဲ့နေအိမ်ကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ အခုလိုမျိုး Obninsk NEW 2024 မှာ ပါဝင်ခွင့်ရခဲ့တဲ့အတွက် နျူကလီးယားနဲ့ပတ်သက်တဲ့ နည်းပညာအသစ်အဆန်းတွေ၊ ဗဟုသုတအသစ်တွေကို လေ့လာခွင့်ရရှိခဲ့သလို နိုင်ငံပေါင်းစုံက သူငယ်ချင်းအသစ်တွေနဲ့လည်း ခင်မင်ရင်းနှီးမှုရရှိခဲ့ပါတယ်။

ဒီ Program ဖြစ်မြောက်အောင် ကူညီပေးခဲ့ကြသူတိုင်းကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်ထပ်မှာလည်း ဒီလို Program တွေ အများကြီးကို ပါဝင်ခွင့်ရမယ်လို့လည်း မျှော်လင့်မိပါတယ်။ နောက်ထပ် ကျွန်တော့်လိုလူငယ်တွေကို အကြံပြုချင်တာကတော့ ဒီလိုအခွင့်အရေးမျိုးတွေ ရှိလာခဲ့မယ်ဆိုရင် လက်မလွှတ်ဘဲ ပါဝင်လေ့လာကြဖို့ အကြံပြုချင်ပါတယ်။

**မခြူးအိမ်စည်**
**ပဉ္စမနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

Obninsk NEW 2024 ကို တက်ရောက်ခွင့်ရဖို့အတွက် မန္တလေးနည်းပညာ တက္ကသိုလ်ကနေ တစ်ဆင့် လျှောက်ထားခဲ့ရာကနေပါဝင်ခွင့်ရရှိခဲ့တာပဲဖြစ်ပါတယ်။ Obninsk NEW 2024 Program မှာဆိုရင် ပထမဆုံးအနေနဲ့ Nuclear Generation နဲ့ဆိုင်တဲ့ Workshop မှာ ပါဝင်ဆွေးနွေးခဲ့ရပါတယ်။ ဒီ Workshop မှာဆိုရင် နိုင်ငံပေါင်းစုံက လူငယ်တွေနဲ့ Group တွေဖွဲ့ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြရတာဖြစ်ပါတယ်။ Group တစ်ခုချင်းစီက တိုင်ပင်ဆွေးနွေးခဲ့တဲ့ အကြံပြုချက်တွေ၊ ကောက်နုတ်ချက်တွေကို အချင်းချင်းမျှဝေပေးခဲ့ကြတာပဲ ဖြစ်ပါတယ်။

နောက်တစ်နေ့မှာဆိုရင်တော့ နိုင်ငံကိုယ်စားပြု Speaker တွေ ဆွေးနွေးဟောပြောခဲ့တဲ့ Nuclear Industry နဲ့ဆိုင်တဲ့ Topic တွေကို တက်ရောက်နားထောင်ခဲ့ရပါတယ်။ နောက်ဆုံးတစ်ရက်မှာတော့ ရုရှားနိုင်ငံရဲ့ ပထမဆုံးတည်ဆောက်ခဲ့တဲ့ Nuclear Power Plant ကို သွားရောက်လေ့လာခဲ့ကြရတာပဲဖြစ်ပါတယ်။ ဒီ Program ကို တက်ရောက်ခွင့်ရရှိခဲ့တဲ့အတွက် နျူကလီးယားနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေအများကြီး လေ့လာတွေ့မြင်ခဲ့ရပါတယ်။ နိုင်ငံမျိုးစုံက သူငယ်ချင်းအသစ်တွေ ရရှိခဲ့ပြီးတော့ Culture Sharing တွေလည်း အများကြီးလုပ်ခဲ့ရပါတယ်။ အမှတ်တရပစ္စည်းလက်ဆောင်တွေလည်း အများကြီးရရှိခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဒီလိုအတွေ့အကြုံတွေ အများကြီးထပ်ပြီးတော့ တွေ့ကြုံခွင့်ရချင်ပါသေးတယ်။

ဒီသုံးရက်အတွင်းမှာတောင် အတွေ့အကြုံတွေ ဒီလောက်အများကြီး ရရှိခဲ့တာဖြစ်တဲ့အတွက် နောက်ထပ်ရက်တွေသာ **စာမျက်နှာ ၁၀ သို့** ✻

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သည့် ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၄



အလုပ်သမား ဝန်ကြီးဌာနရှိ ဦးစီးဌာန အဖွဲ့ရုံးများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်တွင် ပညာရေးကို အခြေခံသည့် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များ အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး၊ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး ဟူသည့်အချက်များ ပါဝင်ကြောင်း၊ ပညာတတ်များ စွမ်းပကားဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏သားသမီး ၂၁ ဦး အောင်မြင်ခဲ့ပြီး ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူး ရရှိသူတစ်ဦး၊ နှစ်ဘာသာဂုဏ်ထူး ရရှိသူ တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူသုံးဦး စုစုပေါင်း ခုနစ်ဦး ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြု ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူး ရရှိသူ တစ်ဦးနှင့် လေးဘာသာဂုဏ်ထူး ရရှိသူ တစ်ဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက သုံးဘာသာ ဂုဏ်ထူးရရှိသူတစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦးကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က တစ်ဘာသာဂုဏ်ထူးရရှိသူ သုံးဦးကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ဝန်ကြီးက ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မိမိအတွက်၊ မိမိ မိသားစုအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူသားတစ်ဦး၊ ပညာရှင်တစ်ဦး ဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားပြီး ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **သတင်းစဉ်**

## မကွေးတက္ကသိုလ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မကွေး ဇူလိုင် ၄

မကွေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မကွေးတက္ကသိုလ်ရှိ စာသင်ခန်းမဆောင်သစ်၌ ကျင်းပသည်။



### အသိပညာပေးဟောပြော

ဦးစွာ မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းအောင်ထွေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများနှင့် အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း၊ အဂတိတိုက်ဖျက်ရေး ကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲသို့ မကွေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## ပျဉ်းမနားခရိုင်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

ပျဉ်းမနား ဇူလိုင် ၄

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အခွန်ဘဏ္ဍာငွေတိုးတက်ကောက်ခံရရှိရေး အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့တွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသက်ဆိုင်အောင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဦးက အခွန်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ရာ အခွန်ထမ်းလုပ်ငန်းရှင်ပေါင်း ၁၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

✻ စာမျက်နှာ ၉ မှ

ထပ်ရခဲ့ရင် နောက်ထပ်အခြားသော မသိသေးတဲ့ အရာတွေ အများကြီးထပ်ပြီး သိရဦးမယ်လို့လည်း ယုံကြည်မိပါတယ်။ ဒီ Program ကို ပါဝင်နိုင်အောင် ကူညီပို့ဆောင်ပေးကြသူများ အားလုံးကိုလည်း ကျေးဇူးအများကြီး တင်ရှိပါတယ်။ အကြံပြုချင်တာလေးကတော့ ဒီလို Program တွေကို ထပ်ပြီး လုပ်ပေးဖို့ရယ်၊ ကျောင်းသားအရေးအတွက် ပိုမိုခေါ်ယူပေးနိုင်မယ်ဆိုရင် အခုလိုအတွေ့အကြုံကောင်းတွေ အများကြီးရနိုင်တဲ့ လူငယ်တွေ ပိုမိုများပြားလာပြီး မြန်မာနိုင်ငံရဲ့ Educational Quality ကိုလည်း မြှင့်တင်ပေးနိုင်မယ်လို့ ခံစားမိပါတယ်။

**မဝတ်ရည်ပပဝင်း**
**တတိယနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

2nd International Youth Nuclear Forum ကို တက်ရောက်ဖို့အတွက် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)က ရွေးချယ်စေလွှတ်ခြင်း ခံခဲ့ရပါတယ်။ ပါဝင်ခဲ့တဲ့ Activity တွေအနေနဲ့ကတော့ ပထမရက်မှာ Forum ကို တက်ရောက်လာတဲ့ နိုင်ငံတကာကလူငယ်တွေနဲ့အတူ နျူကလီးယားနဲ့ပတ်သက်တဲ့ ခေါင်းစဉ် ခုနစ်ခုကို Group တစ်ခုချင်းစီအလိုက် တိုင်ပင်ဆွေးနွေးဖလှယ်ရတဲ့ Workshop ကို တက်ရောက်ခဲ့ရပါတယ်။ ဒုတိယရက်မှာတော့ ဖိုရမ်မှာ ပါဝင်ဆွေးနွေးကြတဲ့ Speaker တွေရဲ့ ဆွေးနွေးပို့ချမှုတွေကို တက်ရောက်နားထောင်ခဲ့ရပါတယ်။ တတိယရက်မှာတော့ နှစ် (၇၀) ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ ပထမဆုံး အသုံးပြုခဲ့တဲ့ Nuclear Power Plant ကို သွားရောက်လေ့လာခွင့်ရရှိခဲ့ပါတယ်။

ရုရှားလူမျိုးတွေရဲ့ စားသောက်နေထိုင်ပုံတွေ၊ နျူကလီးယားစွမ်းအင်ကို လေ့လာစမ်းသပ်နေမှုတွေ၊ ရုရှားလူမျိုးတွေရဲ့ ပြုမူနေထိုင်ဆက်ဆံပုံတွေကို လေ့လာသိရှိခဲ့ရပါတယ်။ ကျွန်မအတွက်ကတော့ ဒီခရီးစဉ်က အင်မတန်မှတန်ဖိုးရှိခဲ့ပါတယ်။ နျူကလီးယားနည်းပညာနဲ့ပတ်သက်ပြီးတော့လည်း အများကြီးလေ့လာခွင့်ရရှိခဲ့ပါတယ်။ လူတိုင်းမှာ အခွင့်အရေးဆိုတာရှိလာနိုင်တာဖြစ်တဲ့အတွက် ရရှိလာတဲ့အခွင့်အရေးကို အရယူနိုင်အောင် အမြဲလေ့ကျင့်သင်ကြားထားဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။

**မဟန်နဒီထွန်း**
**တတိယနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**နည်းပညာတက္ကသိုလ်(ကျောက်ဆည်)**

Obninsk NEW 2024 ကိုပါဝင်ခွင့်ရရှိခဲ့တာကတော့ ကျွန်မတို့ရဲ့နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ဌာနမှူးကနေတစ်ဆင့်သိရှိပြီး လျှောက်ထားခဲ့ရာကနေ ပါဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီ Program မှာ ပါဝင်ခဲ့ရတဲ့ Activity တွေကတော့ ပထမရက်မှာဆိုရင် Nuclear Generation နဲ့သက်ဆိုင်တဲ့ Workshop ကို တက်ရောက်ခဲ့ရပါတယ်။ ဒီ Workshop မှာဆိုရင် နိုင်ငံတကာက ကျောင်းသားတွေနဲ့ အချင်းချင်းအပြန်အလှန်မျှဝေဆွေးနွေးခဲ့ရပါတယ်။ လူငယ်တွေအချင်းချင်းအကြားမှာ ဗဟုသုတတွေ မျှဝေခွင့်ရရှိခဲ့တဲ့ Workshop တစ်ခုပဲဖြစ်ပါတယ်။ ဒုတိယရက်မှာတော့ နိုင်ငံအသီးသီးကနေ နိုင်ငံကိုယ်စားပြုတက်ရောက်လာတဲ့ သိပ္ပံပညာရှင်တွေ၊ နျူကလီးယားပညာရှင်တွေက နျူကလီးယားနဲ့ပတ်သက်တဲ့အကြောင်းအရာတွေ၊ အချက်အလက်တွေ ဆွေးနွေးတင်ပြတဲ့ပွဲတွေကို တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ တတိယရက်မှာတော့ ရုရှားနိုင်ငံရဲ့ Atomic Power Plant ကို စတင်တွေ့ရှိခဲ့တဲ့ သိပ္ပံပညာရှင် Kurchatov ရဲ့ အိမ်ကို သွားရောက်လေ့လာခွင့် ရရှိခဲ့ပါတယ်။

Obninsk NEW 2024 မှာဆိုရင် နျူကလီးယားနဲ့သက်ဆိုင်တဲ့ အတွေ့အကြုံအသစ်တွေ အများကြီး ရရှိခဲ့ပြီးတော့ ကိုယ့်ရဲ့ အားနည်းချက်၊ အားသာချက်၊ လိုအပ်ချက်တွေကိုလည်း သိရှိခဲ့ရပါတယ်။ ဒီ Program ကဆိုရင် နိုင်ငံပေါင်းစုံက ပညာရှင်တွေ၊ ကျောင်းသားတွေအားလုံး စုပေါင်းဆောင်ရွက်ခဲ့ကြတာဖြစ်တဲ့အတွက် ကျွန်မတို့ မြန်မာကျောင်းသားတွေ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီလို Program တွေကို နောက်ထပ်လုပ်ပေးနိုင်ဖို့နဲ့ မြန်မာကျောင်းသားတွေအနေနဲ့လည်း ပါဝင်တက်ရောက်ခွင့်ရမယ်ဆိုရင် လက်လွှတ်မခံဘဲ အကောင်းဆုံးကြိုးစားပါဝင်တက်ရောက်ဖို့ အကြံပြုချင်ပါတယ်။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန်  ဇူလိုင်  ၄**

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဒီပလိုမာအောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ပရိယတ္တိစာသင်တိုက်ပဓာနနာယက အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ အကျိုးတော်ဆောင်ဆရာတော် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းတိုက် ပဓာနနာယက ဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယအဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာတော်ကြီးများ၊ သင်ကြားသီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ပနိုင်ငံများမှ သံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဘွဲ့ရသင်တန်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။




အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော်ကိုယ်စား အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက "သာရဏီယ အဖွင့်ဩဝါဒကထာ"ကို မိန့်ကြားချီးမြှင့်တော်မူပြီး ဒုတိယဝန်ကြီးက ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က ဘွဲ့ရကျောင်းသားများကို တက္ကသိုလ်အဓိဋ္ဌာန် အမေး၊ အဖြေပြုပြီး သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၂၉ ဦးတို့ကို ဘွဲ့၊ အောင်လက်မှတ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။

ယင်းနောက် ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)တန်းမှ ပညာရည်ချွန်ထူးချွန်ဆုရရှိသော (Gold Medalist) ထူးချွန်ရွှေတံဆိပ်ဆုရှင် မြန်မာသင်တန်းသားရဟန်းတော် ဘဒ္ဒန္တဇာကုလအား တက္ကသိုလ်က ချီးမြှင့်သည့် ရွှေစင်ရွှေပြားတစ်ကျပ်သား ဆုတံဆိပ်ကို ပါမောက္ခချုပ် ဆရာတော် (ကိုယ်စား) ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်လှူဒါန်းချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများကို ပါမောက္ခချုပ်ဆရာတော်(ကိုယ်စား) ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦးက တက္ကသိုလ်ပုံ ကျောက်စီပန်းချီကားချပ်များ ဂုဏ်ပြုပေးအပ်သည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က "ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်" တွင် လက်မှတ်ရေးထိုးတော်မူပြီး ဘွဲ့ရကျောင်းသားများကို ဆုံးမဩဝါဒကထာမြွက်ကြားချီးမြှင့်တော်မူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်ကာလအတွင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ၃၄ ရာခိုင်နှုန်းကျဆင်း

**နေပြည်တော်  ဇူလိုင်  ၄**

အိန္ဒိယသမ္မတနိုင်ငံ၌ ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူနှင့် ဆန်ကွဲများ ပြည်ပသို့ တင်ပို့မှု တားမြစ်ပိတ်ပင်လိုက်ပြီး၊ ပေါင်းဆန်များအပေါ်တွင်လည်း အခွန် ၂၀ ရာခိုင်နှုန်းကောက်ခံလိုက်ပြီးနောက်လက်ရှိဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း ဆန်တင်ပို့မှုမှာ တန်ချိန် ၃ ဒသမ ၂ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၃၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုပမာဏ တန်ချိန် ၃၀၀၀၀၀ ခန့်၊ ရာခိုင်နှုန်းအားဖြင့် ၇၈ ရာခိုင်နှုန်း၊ ဆန်ကွဲတန် ၃၀၀၀၀၀၊ ရာခိုင်နှုန်းအားဖြင့် ၈ ရာခိုင်နှုန်းနှင့် ပေါင်းဆန် တန် ၁၅၀၀၀၀ ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့သည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ပြည်တွင်း၌ ကြက်နှင့် တိရစ္ဆာန်အစာများအတွက် လုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဆန်ကွဲတင်ပို့မှုအား ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းစားရေရိက္ခာဖူလုံရန်နှင့် အယ်လ်နီညိုကြောင့် မိုးရွာသွန်းမှုကို ထိခိုက်ခဲ့ပြီး အကျိုးဆက်အနေဖြင့် ဆန်အထွက်နှုန်း ကျဆင်းခဲ့ခြင်းကြောင့် တောင်သူများအား သင့်လျော်သည့်ဈေးနှုန်းဖြင့် ခွင့်ပြုနေပြီး တစ်ဖက်တွင်လည်း စားသုံးသူများအတွက် ဈေးနှုန်းမြင့်တက်မှုမှ ကာကွယ်နိုင်ရန်အလို့ငှာ ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုအပေါ် တားမြစ်မှုအား ယခင်နှစ်ဇူလိုင်လက ကြေညာခဲ့သည်။ တစ်ဆက်တည်းမှာပင် ပေါင်းဆန်တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း ကောက်ခံခဲ့ပြီး ဘာစမာတီဆန်အတွက် ပုံသေကြမ်းခင်းဈေးနှုန်းအား ယခင်နှစ်က သတ်မှတ်ခဲ့ကြောင်း၊ ကုန်အမှတ်တံဆိပ်လွဲမှားစွာတင်ပို့မှုများမှ ကာကွယ်ရန်အတွက် ယမန်နှစ်ဩဂုတ်လက ဘာစမာတီဆန်တင်ပို့မှုအတွက် အနိမ့်ဆုံးဈေးနှုန်းကို တစ်တန်လျှင် ဒေါ်လာ ၁၂၀၀ သတ်မှတ်ခဲ့ပြီး အောက်တိုဘာလတွင် တစ်တန်ကို ဒေါ်လာ ၉၅၀ အထိ ကျဆင်းသွားခဲ့သည်။ ဧပြီလမှ ဇွန်လအထိ တင်ပို့မှုမှာ ၁၆ ရာခိုင်နှုန်း မြင့်တက်လာပြီး တန်ချိန် ၁ ဒသမ ၁ သန်းအထိရှိခဲ့ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂၁ ဒသမ ၈ သန်း တင်ပို့ခဲ့ပြီး ၂၀၂၄ ဘဏ္ဍာနှစ်တွင်ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတန်ချိန် ၂ ဒသမ ၃၆ သန်း၊ ဆန်ကွဲ တန် ၅၄၅၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၇ ဒသမ ၅၇ သန်း စုစုပေါင်းဆန်တန်ချိန် ၁၅ ဒသမ ၇ သန်းကို တင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး ဆန်ထုတ်လုပ်သည့်နိုင်ငံဖြစ်ကာ ဆန်တင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်မှု မပြုလုပ်မီအချိန်ထိ ကမ္ဘာ့ဆန်ကုန်သွယ်မှုတွင် အနည်းဆုံး ၄၀ ရာခိုင်နှုန်းခန့် ပါဝင်လျက် ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ တင်ဒါခေါ်ယူမှုတွင် ဆန်တင်ပို့သူများအား ပါဝင်ဆောင်ရွက်ခွင့်မပြုခြင်းနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံအနေဖြင့် လူအများ၏ တုံ့ပြန်မှုများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် အဆိုပါ တားဆီးပိတ်ပင်မှုများအား အဆုံးသတ်သင့်ကြောင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအား အသိပေးဆောင်ရွက်သင့်သည်ဟု ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံတွင် အမေရိကန်နိုင်ငံက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် စားနပ်ရိက္ခာဖူလုံရန် လိုအပ်ချက်ရှိနေသည့် နိုင်ငံအချို့သို့ တားမြစ်ထားသောဆန်များ၏ ပမာဏအချို့ကို အစိုးရအချင်းချင်း သဘောတူညီမှုဖြင့် တင်ပို့ရန် ခြွင်းချက်အနေဖြင့် ခွင့်ပြုထားသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ လူသားချင်းစာနာထောက်ထားမှု အစီအစဉ်အောက်မှ စားနပ်ရိက္ခာဝယ်ယူမှုများအတွက် ပို့ကုန်တင်ပို့မှု ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုပေးရန် ဂျီနီဗာမြို့၌ ၂၀၂၂ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများမှ ဆုံးဖြတ်ခဲ့ကြသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ပို့ကုန်တင်ပို့မှု ကန့်သတ်ချက်များ ချမှတ်ခြင်းနှင့်စပ်လျဉ်းပြီး လုပ်သာကိုင်သာရှိလိုသည့်အတွက် ကနဦးတွင် (၁၂) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို လိုက်နာလိုခြင်း မရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ လိုက်နာဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ ပြည်တွင်းစားနပ်ရိက္ခာ ပြတ်လပ်မှုမဖြစ်စေရေးအတွက် ကြိုးစားခဲ့ခြင်းသာမဟုတ်ဘဲ ကမ္ဘာ့ဈေးကွက်တွင် ဆန်ပြတ်လပ်မှုဖြစ်မည်ကိုလည်း ပူပန်ခဲ့ခြင်းဖြစ်ပြီး အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအနေဖြင့် စားနပ်ရိက္ခာ တင်သွင်းမှုများအပေါ် မှီခိုရမှုကိုဖြစ်စေခဲ့ကြောင်း နိုင်ငံတကာ ကုန်သွယ်ရေး မူဝါဒနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကျွမ်းကျင်ပညာရှင်က ပြောကြားခဲ့သည်။


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ပရေးရာဝန်ကြီးဌာန၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ချိရေးဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြောရေးဆိုခွင့်ရှိသူများထံသို့ မေးခွန်းများ ပေးပို့ခဲ့သော်လည်း သတင်းစာရှင်းလင်းပွဲပြုလုပ်ချိန်တွင် ၎င်းတို့မှ ပြန်လည်ဖြေကြားခဲ့ခြင်း မရှိကြောင်းလည်း ဖော်ပြထားသည်။ ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်သူနေများနှင့် ဆန်တင်ပို့ရောင်းချသူများအသင်း အပါအဝင် အသင်းအဖွဲ့များအနေဖြင့် ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူနှင့် ဆန်ကွဲတင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်မှုများအား ဖယ်ရှားပေးရန်နှင့် ပုံသေနှုန်းထား တစ်ခုဖြင့် အခွန်ကောက်ခံပြီး သဘော်ာတင်ပို့မှုများအား ခွင့်ပြုပေးသွားရန် အိန္ဒိယနိုင်ငံအစိုးရအား တိုက်တွန်းပြောကြားခဲ့ကြသည်။

ယခုနှစ်တွင် မိုးအလုံအလောက်ရွာသွန်းမည်ဟု ခန့်မှန်းထားပြီး အစိုးရ၏ လက်ကျန်ဆန်များလည်း ပိုလျှံလျက်ရှိခြင်းတို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ၎င်းတို့၏တင်ပြချက်အား လိုက်လျောပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ လက်ကျန်ဆန်လုံလောက်မှုနှင့် ရာသီဥတုကောင်းမွန်မှုတို့ကြောင့် ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူနှင့်စပ်လျဉ်းပြီး မကြာမီကာလအတွင်း အပြောင်းအလဲများ ဖြစ်လာနိုင်မည်ဟု မျှော်မှန်းထားကြသည်။ ဆန်သည် သုံးလ သက်တမ်းရှိသော သီးနှံတစ်မျိုးဖြစ်ပြီး နိုဝင်ဘာလတွင် ဆန်အသစ်များ ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်ရာ မကြာမီ ဈေးနှုန်းတည်ငြိမ်လာနိုင်ကြောင်း၊ အစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိသော်လည်း ဆန်မှာ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေခြင်းတွင် များစွာပါဝင်မှုမရှိပါကြောင်း၊ အများပြည်သူသို့ဖြန့်ဝေမှု စနစ်အောက်တွင် ပြည်သူများအထူးသဖြင့် အလယ်အလတ်နှင့် အထက်တန်းအဆင့်မှ ပြည်သူလူထုများ စားသုံးလျက်ရှိသည့် ဆန်အမယ်ဖြစ်သည့်အတွက် အဆိုပါဆန်ကြောင့် ငွေကြေးဖောင်းပွမှု မဖြစ်နိုင်ပါကြောင်း ဆန်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ B. V. Krishna Rao က ပြောကြားခဲ့သည်။

အိန္ဒိယ စားနပ်ရိက္ခာလုပ်ငန်း၏ ဂိုဒေါင်များ၌ ဆန်များဖြင့် ပြည့်လျက်ရှိပြီး နိုဝင်ဘာလတွင် ဆန်အသစ်များ ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ သီးနှံအသစ်များ ထားသိုရန်အတွက် ဂိုဒေါင်များတွင် နေရာလွတ်မရှိပါက တောင်သူလယ်သမားများအား အနည်းဆုံးပံ့ပိုးမှုဈေးဖြင့် ပံ့ပိုးပေးနိုင်မည်မဟုတ်ကြောင်း၊ အစိုးရမှ တားမြစ်ကန့်သတ်ချက်များအား ဖယ်ရှားပေးပြီး အခွန်နှုန်းထားတစ်ခုဖြင့် ဆန်တင်ပို့မှုအား ခွင့်ပြုပေးလိုက်ပါက ဆန်စက်ပိုင်ရှင်များအနေဖြင့် စပါးများအား ဝယ်ယူကြိတ်ခွဲပြီး တင်ပို့ရောင်းချကြမည်ဖြစ်ကြောင်း၊ ဆန်စက်ပိုင်ရှင်များသည် အိန္ဒိယစားနပ်ရိက္ခာလုပ်ငန်းသို့ ဝင်ရောက်လျက်ရှိသော အခြားဆန်အမယ်များကိုပင် ဝယ်ယူပြီး အာဖရိကကဲ့သို့သောနိုင်ငံများသို့ တင်ပို့ရောင်းချကြမည်ဖြစ်ကြောင်း၊ အများပြည်သူဖြန့်ဝေမှုစနစ်အောက်တွင် ရောင်းချသည့် အိန္ဒိယမှ ဆန်မျိုးများအား ဆန်တစ်ကီလိုလျှင် ရူပီး ၃၀ ထက် ပိုမပေးနိုင်သည့် အာဖရိကတိုက်ရှိ နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဖော်ပြပါရှိသည်။

**စီးပွား/ကူးသန်း**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင် ကာဇက်စတန်နိုင်ငံ၌ တွေ့ဆုံဆွေးနွေး



**အက်စ်တာနာ ဇူလိုင် ၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ကာဇက်စတန်နိုင်ငံ မြို့တော် အက်စ်တာနာတွင် ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ယနေ့ ဆောက်ချိုင်းနားမောနင်းပို့စ် သတင်းဌာန၏ သတင်းတစ်ရပ်အရ သိရသည်။

ခေါင်းဆောင်နှစ်ဦးသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဆွေးနွေးပွဲ၏ ပြင်ပတွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ယခုအကြိမ်တွေ့ဆုံဆွေးနွေးမှုသည် ရုရှားသမ္မတဗလာဒီမာပူတင် သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရပြီးနောက် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှုဖြစ်သည်။

မေလအတွင်း သမ္မတပူတင်၏ တရုတ်နိုင်ငံခရီးစဉ်၌ တရုတ်နှင့်ရုရှားနှစ်နိုင်ငံအကြား ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ကာကွယ်ရေးနှင့် စစ်ရေးအပါအဝင် ကဏ္ဍအများအပြား၌ မြှင့်တင်ရန် နှစ်ဖက်ခေါင်းဆောင်များအကြား သဘောတူညီခဲ့သည်။ ယင်းခရီးစဉ်သည် တရုတ်-ရုရှားဆက်ဆံရေးကို မြှင့်တင်မည့် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

နိုင်ငံတကာအခြေအနေများရှုပ်ထွေးနေသည့်အချိန်တွင် တရုတ်-ရုရှားနှစ်နိုင်ငံဆက်ဆံရေးအား တန်ဖိုးထားမြှင့်တင်ရန်လိုအပ်ကြောင်း ရှီက ထပ်လောင်းပြောကြားခဲ့သည်။ မိမိတို့နှစ်နိုင်ငံစလုံး၏ တရားဝင် အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားသမ္မတ ဗလာဒီမာပူတင်အား ပြောကြားခဲ့သည်။ တရုတ်- ရုရှား နှစ်နိုင်ငံ ဆက်ဆံရေး၏ ရွှေခေတ်ရောက်ရှိနေခြင်းကို သမ္မတပူတင်က ချီးကျူးဂုဏ်ပြုခဲ့ပြီး ယင်းနှစ်နိုင်ငံဆက်ဆံရေး၏ ရွှေခေတ်အား သာတူညီမျှရှိမှု၊ အပြန်အလှန် အကျိုးပြုမှုနှင့် တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက အပြန်အလှန် လေးစားမှုများဖြင့် တည်ဆောက်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် တရားမျှတမှုရှိသည့် ကမ္ဘာ့ရေးရာ စီစဉ်ဆောင်ရွက်မှုများကို အားဖြည့်ကူညီသည့် ပုံစံဖြင့်သာ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီး မည်သည့်နိုင်ငံကိုမျှ ရန်လိုသည့် ရည်ရွယ်ချက်ဖြင့် မဟာမိတ်ဖွဲ့စည်းခြင်း မဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် အက်စ်တာနာမြို့တွင် ကာဇက်စတန်နိုင်ငံသမ္မတ Kassym-Jomart Tokayev နှင့် ယနေ့တွေ့ဆုံစဉ် ကာဇက်စတန်နိုင်ငံ၏ BRICS အဖွဲ့သို့ဝင်ရောက်ရန် ကြိုးပမ်းမှုကို ထောက်ခံကြောင်းနှင့် တရုတ်နိုင်ငံက ကာဇက်စတန်နိုင်ငံနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ အပါအဝင် ကမ္ဘာလုံးဆိုင်ရာစစ်မှန်သည့် ဘုံအကျိုးစီးပွားနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရာတွင်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စွမ်းအင်၊ စိုက်ပျိုးရေး၊ သတ္တု၊ လျှပ်စစ်ကား၊ နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကုန်သွယ်ရေးနှင့် ဂြိုဟ်တုဆက်သွယ်ရေးကဏ္ဍများတွင် ကာဇက်စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

**ကိုးကား-ဆောက်ချိုင်းနားမောနင်းပို့စ်**

**ဘာသာပြန်- စိုးသူရ**

## လာအိုနိုင်ငံရှိ စာသင်ကျောင်းများ၌ အစားအစာကျွေးမွေးမှုအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ရန် သဘောတူညီ



**ဗီယင်ကျန်း ဇူလိုင် ၄**

လာအိုအစိုးရနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများက ကျေးလက်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အသိပညာများ မြှင့်တင်ပေးရန် ရည်ရွယ်ပြီး ကျောင်းများ၌ အစားအစာကျွေးမွေးမှုအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ရန် သဘောတူညီကြောင်း သိရသည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နှင့် ပူးပေါင်းဆောင်ရွက်သည့် အဆိုပါ အစီအစဉ်သည် ဒေသခံကျောင်းများကို ဗဟိုပြု၍ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်ကို ဖန်တီးရန် ရည်ရွယ်ခြင်းလည်း ဖြစ်သည်။

လာအိုတောင်ပိုင်းပြည်နယ် သုံးခုရှိ စာသင်ကျောင်း ၂၀၀ ကျော်မှ ကလေး ၂၂၀၀၀ ကျော်သည် အဆိုပါအစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဇူလိုင် ၂ ရက်တွင် ပြောကြားသည်။

ကလေးများအတွက် အာဟာရနှင့် ပညာသင်ကြားရာတွင် ထိရောက်မှုရှိစေရန် လတ်ဆတ်သော ပါဝင်ပစ္စည်းများကို ပုံမှန်ရရှိရေးအတွက် ဒေသခံတောင်သူလယ်သမားများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ပြီး ယင်းအစီအစဉ်တွင် ပါဝင်သည့် လယ်သမားများအတွက် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးရန်လည်း ရည်ရွယ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန၏ ဖွံ့ဖြိုးမှုစီမံကိန်း (၂၀၂၁ - ၂၀၂၅) အရ ကျောင်းအပ်နှံရေးအစီအစဉ်အပါအဝင် ကျောင်းတက်ရောက်မှုနှင့် သင်ယူမှုရလဒ်များကို မြှင့်တင်ပေးခြင်းဖြင့် ပညာသင်ယူရာတွင် မညီမျှမှုများကို လျှော့ချရမည်ဖြစ်ကြောင်း လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ ဇူလိုင် ၂ ရက်တွင်ကျင်းပသည့် အခမ်းအနားတစ်ရပ်တွင် ပညာရေးနှင့် အားကစားဝန်ကြီးဌာန လက်ထောက်ဝန်ကြီး ဆောင်ရီယိုဒေါင်ဆန်ဒါရာက မှတ်ချက်ပြု ပြောကြားသည်။

စာသင်ကျောင်းများ၌ အစားအစာကျွေးမွေးမှုအစီအစဉ်သည် လာအိုအစိုးရ၏ ၂၀၂၅ ခုနှစ် အမျိုးသားအာဟာရ မဟာဗျူဟာနှင့် အာဟာရ (၂၀၂၁-၂၀၂၅) ဆိုင်ရာ အမျိုးသားအဆင့်စီမံချက်၏ အဓိကဦးစားပေးဆောင်ရွက်ချက် ၂၂ ခုအနက် တစ်ခုဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွား၊ ဒေသခံ ၁ ဒသမ ၆ သန်းကျော် ထိခိုက်

**နယူးဒေလီ ဇူလိုင် ၄**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ လက်ရှိအချိန်အထိ ခရိုင် ၂၉ ခရိုင်ရှိ ဒေသခံ ၁ ဒသမ ၆ သန်းကျော် ထိခိုက်ခဲ့ကြောင်း အာသံပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ယနေ့ပြောကြား သည်။

ယင်းဖြစ်စဉ်အတွင်း သေဆုံးသူ ၄၆ ဦးအထိရှိလာပြီး ကယ်ဆယ်ရေးစခန်း ၁၃၀ တွင် သဘာဝဘေးခံစားရသူ ၁၈၄၅၉ ဦးအား ကယ်ဆယ်ထားရှိကြောင်း သိရသည်။

Lakhimpur၊ Darrang၊ Golaghat နှင့် Dhemaji ဒေသများတွင် ရေကြီးရေလျှံမှုများပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယခုဖြစ်စဉ်အတွင်း အာသံပြည်နယ်ရှိ သီးနှံ စိုက်ပျိုးမြေ ၃၉၄၅၁ ဟက်တာပျက်စီးခဲ့သည်။ ယင်းရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများသို့ ကယ်ဆယ်ရေးဝန်ထမ်းများအပြင် ပြည်နယ်သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးတပ်ဖွဲ့နှင့် အိန္ဒိယတပ်မတော်လေမှ တပ်ဖွဲ့ဝင်များ သွားရောက်ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ယင်းရေကြီးရေလျှံမှုများအတွင်း လိုအပ်သည့်လုပ်ငန်းများကို ကြီးကြပ်ရန်အတွက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများကို ပြည်နယ်ဝန်ကြီးချုပ် Himanta Biswa Sarma ကညွှန်ကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

## တရုတ်နိုင်ငံ၏အကြီးဆုံး လျှပ်စစ်ကားကုမ္ပဏီ BYD ထိုင်းနိုင်ငံ၌ လျှပ်စစ်ကားထုတ်လုပ်မှုစတင်

**ဗန်ကောက် ဇူလိုင် ၄**

တရုတ်နိုင်ငံ၏အကြီးဆုံးလျှပ်စစ်ကားကုမ္ပဏီ BYD သည် ထိုင်းနိုင်ငံ၌ လျှပ်စစ်ကားများကို စတင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံအရှေ့ပိုင်း ရနောင်းပြည်နယ်ရှိ BYD စက်ရုံသစ်ကို ဇူလိုင် ၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

တစ်နှစ်လျှင် ကားအစီးရေ ၁၅၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ဘက်ထရီနှင့် ဂီယာဘောက်စ် များကိုလည်း ထုတ်လုပ်မည်ဖြစ်ကြောင်း BYD ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောသည်။

ယင်းစက်ရုံသည် အနာဂတ်တွင် အလုပ်အကိုင်ပေါင်း ၁၀၀၀၀ ကို ဖန်တီးပေးနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ထပ်လောင်း ပြောကြားသည်။

BYD သည် ၂၀၂၂ ခုနှစ်တွင် ထိုင်းဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့ပြီး ယခုအခါ ထိုင်းနိုင်ငံတွင်း လျှပ်စစ်ကားရောင်းချမှု၏ ၄၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

ကုမ္ပဏီသည် ဒေသတွင်းထုတ်လုပ်မှုမှတစ်ဆင့် ၎င်း၏ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေရန်နှင့် ထိုင်းနိုင်ငံပြည်တွင်းဈေးကွက်ကို အများဆုံးပိုင်ဆိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများနှင့်ဥရောပ လျှနိုင်ငံသို့ တင်ပို့ရန်လည်း စီစဉ်ထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန် သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍ လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန် အရေးပါလျက်ရှိကြောင်း သိရသည်။



၂၀၂၄ ခုနှစ် ဇွန်လအတွင်း သိမ်းဆည်းရမိမှု။

**သိမ်းဆည်းရမိ**

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လအတွင်း သတင်းရရှိမှု ၄၃ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ရှစ်ကြိမ်၊ နောက်ကျသတင်း နှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၃၃ ကြိမ် ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ(၆၁)မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၇၀ အပါအဝင် ခန့်မှန်းတန်ဖိုးကျပ် ၁၀၉၅ ဒသမ ၅၀ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိခဲ့သည်။

၂၀၂၄ ခုနှစ် ဇွန်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း သိမ်းဆည်းရမိမှု တန်ဖိုးငွေကျပ် ၁၀၉၅ ဒသမ ၅၀ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၁၉ ဒသမ ၁ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဌာနဆိုင်ရာတာဝန်ရှိသူများက သတင်းပေးဆုကြေးငွေ ၁၈၈ ဒသမ ၁၆၄ သန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လအတွင်း မြန်မြန်ဆန်ဆန် ချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် သတင်းရရှိမှုကြောင့် သိမ်းဆည်းရမိမှုများနှင့်ပတ်သက်၍လည်း လစဉ်သတင်းထုတ်ပြန် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တာဝန်သိ ပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉- ၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ် -၀၆၇-၄၀၉၈၈၃ နဲ့ အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၄**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Foot Valve ရေပိုက်အဆို့ရှင် ၁၃၄၁ ကီလိုဂရမ်နှင့် Diesel Generating 55 KVA မီးစက် နှစ်လုံး(ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၂၄၃၆၈၅)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၀ လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် GI Hollow Pipe ကီလိုဂရမ် ၅၆၁၃၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂၅၀၁၁၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၇၄၄၇၈၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဇူလိုင် ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်းနှင့် ရတနာလမ်းဆုံတွင် လိုင်စင်မဲ့ Mini Cooper ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)နှင့် အင်းစိန်မြို့နယ် ဗဟိုလမ်းအနီး၌ လိုင်စင်မဲ့ Honda Insight ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်းမြို့နယ်) စက်မှုဇုန်(၂) ဒီပဲယင်းဝန်ထောက်ဦးမြလမ်း အမှတ် (၁၂၀/၁၂၁)၌ တရားမဝင် ကျွန်းသစ် ၁၂ ဒသမ ၅၆၇ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၇၅၃၁၄၃)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၅၃၁၄၃ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ဇူလိုင် ၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ အခြားသစ် ၃ ဒသမ ၀၇၃ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၇၉၅၅)နှင့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ တရားမဝင် သစ်ခုတ်ရာတွင် အသုံးပြုသည့် သစ်စက်အင်ဂျင် တစ်လုံးနှင့် ဆက်စပ်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၇၉၅၅ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အတွင်း၌ တရားမဝင် သစ်မာ သုည ဒသမ ၂၈၀ တန်၊ အခြားသစ် သုည ဒသမ ၈၆၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၈၅၈ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ဇူလိုင် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ်၌ လိုင်စင်မဲ့ New Anbo 125 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၉၀၉၇၄၁) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၇-၂၀၂၄ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အနန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် 'ပညာသိုက်သို့...ညွှန်ပြဆိုက်ဆိုက်...စာကြည့်တိုက်' |
| ၀၉:၁၅ | နဝင်္ဂဥပေါသထသီလပေးတရားတော် |
| ၀၉:၃၅ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုစီးပွားသတင်းများ |
| ၁၂:၃၅ | တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝိရိယာနန္ဒ ဟောကြားသော 'သင့်သဘောအတိုင်းပါပဲ' တရားတော် |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာဇာတ်လမ်းတွဲ **'အမုန်း၏အလွန်'** (အပိုင်း-၇) |
| ၁၄:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသော နေ့ရက်များဆီသို့'** (အပိုင်း-၂၀) |
| ၁၅:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၄၅ | မျိုးဗုဏ်တင့်စေ ဆိုကရေးတီးအငွေ့ |
| ၁၇:၃၀ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ **'အမုန်း၏အလွန်'** (အပိုင်း-၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'ဝါဆိုမိုး' တေးဂီတဖျော်ဖြေပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၁၅ | မြန်မာဇာတ်လမ်းတွဲ **'အတိုးမပေးတဲ့ နှီးလေး'** (အပိုင်း-၂၄)(ဇာတ်သိမ်း) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myitta (Kyawt Kay Khaing) |
| 07:08 | Kyaw Min Thu (Winner) Lose2Win With Andy |
| 07:20 | Natural Mineral Water |
| 07:37 | The High Reliability (GTI) Thanlyin for the Students Youths |
| 08:01 | News |
| 08:26 | Global Updates: What are the Pillars of Creation? |
| 08:30 | Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone |
| 08:47 | Sarus Crane in Myanmar |
| 09:01 | Dances of Myanmar: Rvwang Azulam Dance |
| 09:06 | Secret Recipes by Gourmet Chefs (Thai) |
| 09:38 | Star Bean Production |
| 10:01 | News |

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ရိုးရာထိန်းလို့ အရိုပ်ပေးတို့ရှမ်းမျိုးရဲ့ခေါက်လေး

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် (အစားအသောက်ဆိုင်ရာ အခေါ်အဝေါ်များ)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၆)

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်

**စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ရှုမြင်ခံစားအလှတရားများ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်းဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
ဆေးဖက်ဝင်ရဲယိုပင်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်းသီချင်းကြိုး(အပိုင်း-၅)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ရာသီစာသပြုသီးဟင်းလျာ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
နွံထဲကရွှေကြာ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ECONOMIC REVIEW |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၄၅ | ရသစုံစွာ ဤမြေကမ္ဘာ |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၄၅ | Soccer View |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အကျိုးပျက်ဆီးမှုအကြောင်းသိမှတ်ဖွယ် ဥပဒေမှာ'** |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၇) |
| ၁၈:၀၀ | Economic Review |

### MRTV FARMERS' Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၂၀ | တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၁၈:၀၀ | New Flash |
| ၁၈:၃၀ | မီးအိမ် |
| ၁၉:၃၀ | Haunted Mansion 2023 |
| ၂၂:၀၀ | ပြောကြည့်လေရင်ထဲပေါ့သွားတာပေါ့ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | EURO 2024 (P-18) |
| ၀၇:၄၀ | Soccer View |
| ၁၆:၁၀ | ဝုဏ်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိ၊ လူနေအိမ်အချို့နှင့် မူလတန်း(လွန်)ကျောင်းဆောင်တစ်ခု ပျက်စီး

နေပြည်တော် ဇူလိုင် ၄

အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော အရပ်သားပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် ရပ်ကွက် (၁) နယ်မြေ (၃) အတွင်းသို့လည်းကောင်း၊ ရပ်ကွက် (၁၀) နီလာလမ်းပေါ်သို့လည်းကောင်း၊ ရပ်ကွက်(၅) နယ်မြေ (၁) ရှိ ပန်အုပ် ဘုန်းကြီးကျောင်းဝင်းအတွင်းသို့လည်းကောင်း၊ ရပ်ကွက်(၄) နယ်မြေ(၃)အတွင်းသို့လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ၁၂ နှစ် နှင့် ၁၄ နှစ်အရွယ် ကလေးသုံးဦးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခုနစ်ဦး သေဆုံးပြီး ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကို သတင်းထုတ်ပြန်ပြီးဖြစ်သည်။





အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ နံနက် ၈ နာရီ မိနစ်၂၀ ခန့်တွင် ရပ်ကွက် (၉) နယ်မြေ (၃) စိန်ပန်းလမ်းရှိ လူနေအိမ်များပေါ်သို့ လည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် ရပ်ကွက် (၉) နယ်မြေ (၁) စံပယ်လမ်းရှိ လူနေအိမ်များပေါ်သို့ လည်းကောင်း၊ နံနက် ၁၀ နာရီခွဲခန့်တွင် ရပ်ကွက်(၉) နယ်မြေ (၁) ကြံတိုင်းအောင်လမ်းပေါ်ရှိ လူနေအိမ်များပေါ်သို့လည်းကောင်း ရှော့တိုက်ဒုံးများကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့ကာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း နှစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါဒဏ်ရာရရှိသူများအား လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။





အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် နံနက် ၁၁ နာရီခန့်တွင် ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ လားရှိုးမြို့ ရပ်ကွက် (၉) နယ်မြေ (၂) အတွင်းရှိ အမှတ် (၁၅) အခြေခံပညာမူလတန်း(လွန်)ကျောင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ဆောင်များ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် လားရှိုးမြို့ရှိ လူနေရပ်ကွက်များအတွင်းသို့ ဇူလိုင် ၃ ရက်မှစ၍ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယနေ့အထိ အပြစ်မဲ့ပြည်သူအသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ကလေးငယ် သုံးဦး၊ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၀ ဦး သေဆုံးခဲ့ပြီး ပြည်သူအချို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် တိုက်ပွဲများဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုကြောင့် မြို့၊ ရွာများရှိ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများက ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ခိုးမှု သုံးမှုနှင့် ခိုးမှု (မသင်္ကာ) နှစ်မှု ကျူးလွန်သူ တရားခံ အမျိုးသား လေးဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၄

၂၀၂၄ ခုနှစ် ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမှတ် (၇၇) ရပ်ကွက် ဇမ္ဗူသီရိလမ်း အိမ်အမှတ် (၇၆၄) နေ ဦးဒွန်ထက်ရှိန်၏ နေအိမ် အိပ်ခန်းအတွင်းရှိ ခရီးဆောင်အိတ်အတွင်း ထည့်ထားသည့် ရွှေတုံး နှစ်တုံးနှင့် ရွှေထည်ပစ္စည်း မျိုးစုံ ၃၁ မျိုး၊ ငွေကျပ် ၈၁၈၀၅၅၀၀ တန်ဖိုးရှိ နိုင်ငံခြားသုံးငွေများ၊ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၅၉၈၁၅၉၀၀ ခန့် ခိုးယူခံထားရကြောင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲစခန်းတွင် (ပ)၃၀၇/ ၂၀၂၄၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်ခဲ့သဖြင့် တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။



(ဝဲမှယာ) ချစ်ကို (ခ) လက်ပွား၊ ဟိန်းထက်ဇော် (ခ) အသေးလေး၊ ပြည့်စုံ (ခ) ကုလား၊ ငရဲ (ခ) ထက်ဦးတို့အား သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ တွေ့ရစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးပြီး တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် (၅၈) ရပ်ကွက်နေ ငရဲ (ခ) ထက်ဦး ၂၉ နှစ် (ဘ) ဦးစိုးအား ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စွန်တနီးကျေးရွာအုပ်စု မြစိမ်းကျေးရွာ၌ ဇွန် ၁၄ ရက် ည ၆ နာရီခွဲတွင်လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ ပြည့်စုံ(ခ) ကုလား ၂၉ နှစ် (ဘ) ဦးဝင်းတင်အား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၂၆) ရပ်ကွက်ရှိ SKY KTV ၌ ဇွန် ၁၅ ရက် ည ၁၁ နာရီ တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံများ ဖြစ်သည့် ငရဲ (ခ) ထက်ဦးနှင့် ပြည့်စုံ(ခ)ကုလားတို့၏ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများ ဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၀၀ တန် ၁၈၈ ရွက်၊ တိုင်ချက်မပါ နိုင်ငံအချို့မှ ငွေအကြွေစေ့ မျိုးစုံ ၃၂ စေ့ တန်ဖိုးငွေကျပ် ၆၉ သိန်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ ခြောက်မျိုး၊ အမေရိကန်ဒေါ်လာများအား ရောင်းချရရှိငွေများ အနက်မှ ကျန်ရှိသည့် မြန်မာငွေကျပ် ၂၃၅ သိန်း၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို ၎င်းတို့၏နေအိမ် အသီးသီးတွင် သိမ်းဆည်းရမိခဲ့ပြီး ကျန်သက်သေခံပစ္စည်းများနှင့် ၎င်းတို့၏ ခိုးရာပါသက်သေခံပစ္စည်းများကို ထုခွဲရောင်းချပေးသူ ဖမ်းဆီးရန် ကျန်တရားခံ ထွန်းထွန်းလင်း (စိစစ်ဆဲ) မှ ယူဆောင် ထွက်ပြေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်၍ ဖမ်းဆီးရမိ တရားခံများအား အခြားပြစ်မှုများ ကျူးလွန်ထားရှိမှု ရှိ/ မရှိ အသေးစိတ် ဆက်လက်စစ်ဆေးရာ တရားခံ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ) ကုလားနှင့် ဟိန်းထက်ဇော် (ခ) အသေးလေးတို့ သုံးဦးသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် အမှတ်(၇၈) ရပ်ကွက် အိမ်အမှတ် (၆၄၀) မှ ရွှေထည်ပစ္စည်း မျိုးစုံ တန်ဖိုးငွေကျပ် ၁၉၇ သိန်းကို ခိုးယူခဲ့ကြောင်း၊ ငရဲ (ခ) ထက်ဦး၊ ပြည့်စုံ (ခ) ကုလားနှင့် ချစ်ကို (ခ) လက်ပွားတို့ သုံးဦးက သာကေတမြို့နယ် (၆/အနောက်) ရပ်ကွက် ဇမ္ဗူသီရိလမ်း အိမ်အမှတ် (၁၉၃/ခ)မှ ရွှေထည်ပစ္စည်း မျိုးစုံ တန်ဖိုးငွေကျပ် ၉၅၃၅၃၀၀ ကို ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ပြစ်မှုကျူးလွန်၍ ဖမ်းဆီးရန် ကျန်တရားခံများ ဖြစ်ကြသည့် ဟိန်းထက်ဇော်(ခ) အသေးလေးနှင့် ချစ်ကို (ခ) လက်ပွားတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၆၀) ရပ်ကွက်နေ ဟိန်းထက်ဇော်(ခ) အသေးလေး ၂၃ နှစ် (ဘ)ဦးဇော်ဝင်း နှင့် ဒလမြို့နယ် တံတားကျောင်း ကျေးရွာနေ ချစ်ကို(ခ)လက်ပွား ၂၂ နှစ် (ဘ)ဦးဖိုးချိုတို့အား ၎င်းတို့၏ နေအိမ်အသီးသီးတွင် ထပ်မံ ဖမ်းဆီးရမိခဲ့ပြီး အမှုနှစ်မှုမှ သက်သေခံပစ္စည်း တန်ဖိုးငွေကျပ် ၂၆၁ သိန်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၅ ကျပ်သား ၁၁ ပဲ ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ငရဲ (ခ) ထက်ဦး၊ ပြည့်စုံ(ခ)ကုလား၊ ချစ်ကို (ခ)လက်ပွားနှင့် ဟိန်းထက်ဇော် (ခ)အသေးလေးတို့ လေးဦးအား ဆက်လက်စစ်ဆေးရာ ၎င်းတို့ လေးဦးသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမှတ် (၇၇) ရပ်ကွက်ရှိ နေအိမ်တစ်လုံးမှ Vivo အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်း တစ်လုံး ခိုးယူခဲ့ပြီး ဧပြီလအတွင်းတွင် အဆိုပါရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ လက်ကိုင်ဖုန်း မျိုးစုံ သုံးလုံး ခိုးယူခဲ့ကြောင်း ထပ်မံ ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့လေးဦးအား အမှုတစ်ခုချင်းစီအတွက် အမှုအသီးသီးထပ်မံ ဖွင့်လှစ်ခဲ့သည်။

ဖြစ်စဉ်တွင် ခိုးမှု သုံးမှု၊ ခိုးမှု (မသင်္ကာ) နှစ်မှုတို့ကို ဖော်ထုတ်နိုင်ခဲ့ပြီး အမှုများမှ ဖမ်းဆီးရမိ တရားခံ ငရဲ(ခ)ထက်ဦးပါ လေးဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိပြီး သက်သေခံရွှေထည်ပစ္စည်း၊ ငွေကြေးများနှင့်အတူ ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန် တရားခံ ထွန်းထွန်းလင်းအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်




နေပြည်တော် ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့အထိ ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လျက်ရှိသဖြင့် စိုးရိမ်ရေအမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါမိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့် ဆင်သေကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးကင်းလွတ်ရာ နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ပေါမိုင်းရပ်ကွက်ရှိတောရကျောင်းတိုက်နှင့် သာသနာပြုသီလရှင်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်နှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံအတွင်း ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လာပါက ချိတ်ဆက်ကူညီခြင်း၊ ကိုယ်တိုင်ကူညီခြင်းများ လုပ်နိုင်ရန် ပရဟိတအသင်းများ ဆောင်ရွက်နေ

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လာပါက ချိတ်ဆက်ကူညီခြင်း၊ ကိုယ်တိုင်ကူညီခြင်းများ လုပ်နိုင်ရန် ပရဟိတအသင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

မြစ်ကြီးနားမြို့နှင့် အနီးတစ်ဝိုက်တွင် ရေကြီးရေလျှံမှုများ စတင်ဖြစ်ပွားစဉ်ကပင် ရေဘေးသင့် ပြည်သူများအတွက် လိုအပ်သည်များကို ချိတ်ဆက်ဆောင်ရွက်ခြင်းများ စတင်ပြုလုပ်ခဲ့ကြကာ ကိုယ်တိုင်သွားရောက်ကူညီရန် လက်လှမ်းမီသည့် ဒေသများသို့လည်း သွားရောက်ကူညီရန် ပြင်ဆင်ထားကြခြင်း ဖြစ်သည်။



မြစ်ကြီးနားမြို့ ရေကြီးမှုဖြစ်စဉ်၌ ပြည်သူများအား ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးနေသည့် ပရဟိတအဖွဲ့အား တွေ့ရစဉ်။

"မိုးဦးကတည်းက လေ့တွေ့ရယ်၊ ရေစုပ်စက်ရယ် ပြင်ထားပါတယ်။ မြစ်ကြီးနားကတော့ တောင်ကျရေရယ်၊ အောက်ရေက တော့ခံထားတာ မရှိဘူး။ နယ်မြေခံကိုပဲ လှမ်းအကူအညီတောင်းတာကို ချိတ်ဆက်ပေးတာ ရှိပါတယ်။ ရေတွေဖြာဆင်းလာရင် အားပျော့သွားမလား ဆုတောင်းရပါတယ်။ ၂၀၁၆ ရေဘေးပုံစံကို နည်းနည်းစိတ်ပူတယ်။ အဲဒီကနေ ရေတွေဆင်းလာရင် မကွေးမှာတော့ ပရဟိတအသင်းတွေက အင်အားတောင့်တယ်။ ဒီဘက်ခြမ်းဆိုရင်တော့ ဟသ်ာတကို နည်းနည်းစိုးရိမ်တယ်။ တာဘေးမှာ နေတဲ့သူတွေရှိတယ်။ အဲဒါအတွက် ကြိုတင်ပြင်ဆင်ထားတာရှိတယ်" ဟု ရန်ကုန်မြို့အခြေစိုက် ရွှေမေတ္တာပရဟိတအသင်းဥက္ကဋ္ဌ မရွှေလဲ့က ပြောသည်။

လက်ရှိတွင် ပရဟိတအသင်းများ ချိတ်ဆက်ဆောင်ရွက်နေကာ ရေကြီးသည့် ဒေသများသို့ လှူဒါန်းမှုများကိုလည်း ဆောင်ရွက်နေကြောင်း ၎င်းက ဆိုသည်။

### ပူးပေါင်းကူညီ

"ကယ်ဆယ်ရေးမှာဆိုရင် မြစ်ကြီးနားဆိုတောင်ကျရေ၊ ကျွန်မတို့ရောက်ရင် ရေကကျပြီ။ အဲဒီတော့ နယ်မြေခံအသင်းတွေ ဘာလိုသလဲဆိုတာကို ဝိုင်းပြီးပံ့ပိုးတယ်။ ပံ့ပိုးတာတောင် မလုပ်လိုက်ရဘူး။ သူတို့နယ်မြေခံအသင်းတွေက နိုင်တယ်။ နယ်မြေခံတွေထဲမှာ အကူအညီလိုအပ်တယ်ဆိုတဲ့သူတွေကို ကျွန်မတို့က နယ်မြေခံအသင်းတွေက ဘယ်မှာရှိတယ်၊ ဘယ်လိုဆက်ပါဆိုတာကို ကူညီလို့ရပါတယ်။ ချိတ်ဆက်ပြီးလည်း ဆောင်ရွက်မယ်။ အင်အားလိုအပ်တဲ့ နေရာကိုလည်း သွားပြီးတော့ ပူးပေါင်းကူညီဖို့ ပြင်ဆင်ထားပါတယ်" ဟု မရွှေလဲ့က ပြောသည်။

**Htet Oo Maung**

## ချင်းတွင်းမြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၄

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့် (၉၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခုနစ်ပေခွဲခန့် (၂၂၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခန့် (၁၈၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့် (၁၅၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မင်းဘူးခရိုင်အတွင်း၌ အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့ အရန်သင့်စုဖွဲ့ထားရှိ

မင်းဘူး ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း၌ ခရိုင်နှင့်မြို့နယ်များရှိ မီးသတ်ဦးစီးဌာနရုံးများတွင် အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များကို လူ/ယာဉ်/စက်ယန္တရားများဖြင့် အရန်သင့်စုဖွဲ့ထားရှိကြောင်း မင်းဘူးခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုနှင့်အတူ ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ဖြစ်ပွားလာပါက မီးသတ်ဦးစီးဌာနက မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲနှင့် စေတုတ္တရာမြို့နယ်များအပြင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ နယ်မြေခံမီးသတ်စခန်းများတွင်လည်း အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များကို လူ/ယာဉ်/စက်ယန္တရားများဖြင့် တစ်မြို့နယ်လျှင် တပ်စုတစ်စုကို ၃၅ ဦးနှုန်းဖြင့် တပ်စုပေါင်း ငါးစု၌ တပ်ဖွဲ့ဝင်စုစုပေါင်း ၁၇၅ ဦးဖြင့် အရန်သင့် ဖွဲ့စည်းထားရှိကြောင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်းပြီး မီးဘေး၊ လေဘေး၊ ရေဘေး၊ ငလျင်ဘေး၊ ကမ်းပြိုဘေး စသည့် သဘာဝဘေးအမျိုးအစားအလိုက် အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တပ်စုအဖွဲ့လိုက် လေ့ကျင့်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းလေ့ကျင့်ခြင်း အစီအစဉ်များကို အစဉ်အမြဲ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းက ပြောသည်။

မင်းဘူးခရိုင်၌ ဧရာဝတီမြစ် စိုးရိမ်ရေအမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ပြီး လက်ရှိရေအမှတ်သည် ၁၁၈၃ စင်တီမီတာသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယခုလက်ရှိတွင် မြေပြင်အသိပညာပေးခြင်း အစီအစဉ်အဖြစ် မြေနိမ့်ပိုင်းဒေသများသို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်နေပြီး မြစ်ရေအမှတ် ၁၅၀၀ စင်တီမီတာသို့ရောက်ရှိခဲ့ပါက မြစ်ကြောင်းအတွင်း စက်လှေများဖြင့် ရေပြင်သတိပေး လိုက်လံနှိုးဆော်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာပါက သက်ဆိုင်ရာ နယ်မြေခံမီးသတ်စခန်းများနှင့် အရေးပေါ်ဆက်သွယ်ရေးဖုန်းနံပါတ်များသို့ အချိန်မရွေးဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## မြစ်ရေကြီးခြင်း သတိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း ဆောင်ရွက်

ကသာ ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မြစ်ရေကြီးခြင်း သတိပေးထုတ်ပြန်ချက်အရ ယနေ့နံနက် ၈ နာရီတွင်သတိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ်မီးသတ်စခန်းမှရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ထိုသို့သတိပေးနှိုးဆော်ခြင်းကို ကသာမြို့ ဧရာဝတီမြစ်ကမ်းနံဘေးနှင့် ရေဝင်နိုင်သော မြေနိမ့်ရပ်ကွက်များဖြစ်သည့် မြောက်ပိုင်းရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်၊ ပိန္နဲကုန်းရပ်ကွက်နှင့်သဖန်းကိုင်းရပ်ကွက်များတွင် နေထိုင်ကြသူများအား ကသာမြို့၏စိုးရိမ်ရေအမှတ် ၁၀၄၀ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနေပါသဖြင့် အထူးသတိပြုနေထိုင်ကြရန်နှင့် ကြိုတင်ပြောင်းရွှေ့နိုင်ကြရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေးမြသက်ထား**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇူလိုင် ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇူလိုင် ၁ ရက် ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တွေ့ဆုံ၍ မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်နိုင်ရေး၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံမျိုးများ ပြောင်းလဲအသုံးပြုနိုင်ရေး၊ တစ်နှစ် သုံးသီး စိုက်ပျိုးထုတ်လုပ်သည့် ဧရိယာ တိုးတက်လာရေး၊ မြစ်ရေတင်လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး၊ ရေချိုအရင်းမြစ်များ ရှာဖွေဖော်ထုတ်၍ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံ ဝါစိုက်ဧကတိုးချဲ့ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ဇူလိုင် ၂ ရက်တွင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာနပိုင် တမာပိုးသတ်ဆေးစက်ရုံကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Myanma Pesticides Industry Co.,Ltd. ၏ တမာပိုးသတ်ဆေး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ရေနံချောင်းမြို့နယ်၊ စလင်းမြို့နယ်၊ ဆိပ်ဖြူမြို့နယ်တို့မှ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ ကုန်ထုတ်စွမ်းအားနှင့် ဝင်ငွေတိုးတက်ရေးဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စပါး၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးထောက်ပံ့ပေးနေမှု၊ မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်မည့် အခွင့်အလမ်းများ၊ ဝန်ကြီးဌာန၏ နည်းပညာနှင့် အကူအညီများ ဆောင်ရွက်ပေးနေမှုတို့ကို ဆွေးနွေးပြောကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချောက်မြို့နယ် ငွေးချို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ရောက်ရှိပြီး စိုက်ပျိုးမွေးမြူရေး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းသုံးစာအုပ်များ၊ အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာအနီးရှိ ကြက်မောက်တောင်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေပေးဝေနေမှုကို လည်းကောင်း၊ မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာရှိ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိမှုနှင့် ဒိန်ချဉ်၊ နို့ဆီနှင့် နို့စိမ်းများ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၇) အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆည်ရေများလေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မိတ္ထီလာ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်သင်တန်း၊ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) သင်တန်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဖွင့်လှစ်သည့် သင်တန်း နှင့် လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရသင်တန်းဖွင့်လှစ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

နေပြည်တော် ဇူလိုင် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရပ်စောက်မြို့နယ် စမ်းရေဦးကျေးရွာအား ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မိတ်ဆက်ရှင်းလင်း

ရပ်စောက် ဇူလိုင် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စမ်းရေဦးကျေးရွာအား ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး စသည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေး အဓိကလုပ်ငန်းစဉ်(၆)ရပ်ဖြင့် စမ်းရေဦးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော စမ်းရေဦးကျေးရွာမှ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများမှ ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ရေးကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

၂၂၂

## ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

သထုံ ဇူလိုင် ၄

မွန်ပြည်နယ် ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ မိုးရာသီဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက သထုံမြို့နယ် ဂေါ့ကျေးရွာရှိ အဆိုပါ တက္ကသိုလ်အားကစားကွင်း၌ စတင်ကျင်းပသည်။

ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ ပါမောက္ခချုပ်ဒေါက်တာနီလာသိန်းက နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်နှင့် တက္ကသိုလ်ကိုယ်စားပြု ထူးချွန်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် နှစ်စဉ် အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားသမားများအချင်းချင်း စည်းလုံးချစ်ကြည်ရင်းနှီးမှုရှိပြီး တရားသောစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲပထမပွဲစဉ်အားကျင်းပရာ ကွန်ပျူတာတက္ကသိုလ်(သထုံ)မှ ဌာနမှူးများ၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများက တပျော်တပါး ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်(ဒုတိယနှစ်ဝက်)နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်(ပထမနှစ်ဝက်)သင်တန်းတို့မှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ သင်တန်းနှစ်အလိုက် အုပ်စုပတ်လည် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## သန်လျင်ခရိုင်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၄

သန်လျင်ခရိုင်၌ စပါးမျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ တောင်သူ ဦးပြည့်ဖြိုးအောင်၏ လယ်မြေ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဆွေက ဒေသခံတောင်သူများအား ယာယီရှင်းလင်းဆောင်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင်မောင်ကြည်က မိုးစပါးမျိုးစေ့ချကိရိယာ အသုံးပြုပုံနှင့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်ကိစ္စများ၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက ခရိုင်အတွင်း မြို့နယ်များတွင် မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၂-၅-၂၀၂၄ ရက်နေ့မှအဆက်)

**ဟတ္ထာဠဝက မင်းသားအကြောင်း**

ဘုရားရှင်က အာဠဝကဘီလူးအား ၎င်းမေးမြန်းလျှောက်ထားချက်များကို ဖြေကြားဟောကြားပြီးနောက်၎င်းသည်သောတာပန်ဖြစ်သွားလေသည်။ ကတိမပျက် အာဠဝီမင်းကြီးက သူ့သားအာဠဝကမင်းသားငယ်အား မင်းချင်းတို့မှတစ်ဆင့် ဘီလူးထံပို့ခိုင်းလေသည်။ ထိုအခါ ဘီလူးကြီးသည် အာဠဝကမင်းသား၏အကျိုးငှာ ဦးစွာလက်ခံပြီး ဘုရားရှင်ထံသို့အပ်နှံလေသည်။ ဤမင်းသားငယ်ကို ဘုရားရှင်က လက်ခံပြီးနောက် ဤမင်းသားငယ်သည် အသက်ရှည်စေသော်၊ အသင်ဘီလူးလည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာစေသော်၊ သင်တို့နှစ်ဦးကိုးဆယ့်ခြောက်ဖြာအနာရောဂါလည်း ကင်းရှင်း၍ လူအပေါင်း၏ စီးပွားအလို့ငှာ ကြာမြင့်စွာတည်ရှိကြပါစေသတည်း မင်္ဂလာအနုမောဒနာ ပြုတော်မူသည်။

ဘုရားရှင်က မင်းသားငယ်အာဠဝကအား မင်းချင်းတို့ထံသို့ ပြန်အပ်၍ ဤကလေးအား ကျွေးမွေးစောင့်ရှောက်လော့။ အရွယ်ရောက်လျှင် ငါဘုရားသို့ ပြန်ပို့ဟူ၍ ပေးအပ်လိုက်လေသည်။ မင်းသားငယ်သည် မင်းချင်းတို့က ဘီလူးလက်သို့လည်းကောင်း၊ ဘီလူးလက်မှ ဘုရားရှင်လက်သို့လည်းကောင်း၊ ဘုရားရှင်က မင်းချင်းလက်သို့ ပြန်အပ်သောကြောင့်လည်းကောင်း အာဠဝကမင်းသားအား အဆင့်ဆင့် ပေးကမ်းခြင်းခံရသည်ဖြစ်၍ "ဟတ္ထာဠဝက" (ဟတ္ထ = အာဠဝက)ဟု အမည်တွင်လေသည်။ မင်းချင်းတို့ကလည်း ၎င်းမင်းသားကို ခေါ်ဆောင်၍ ပြန်လာရာလမ်းတွင် လယ်သမား၊ တောအလုပ်သမားတို့က မြင်လျှင် "ဤမင်းကြီးသားကို ငယ်လွန်း၍ ဘီလူးမစားသောကြောင့် ပြန်ခေါ်လာသလား"ဟု မေးကြလေသည်။ ယင်းသို့မေးခြင်းကို ဘုရားရှင်ကြွလာပြီး "ဘီလူးအားတရားရေအေး တိုက်ကျွေးသောကြောင့် ဤမင်းသားလေးကို ဘီလူးမစားကြောင်း၊ ဘုရားရှင်၏ ကျေးဇူးကြောင့် အသက်ရှင်ကြောင်း" ရှင်းပြသော် ပြည်သူပြည်သားအပေါင်းက ကောင်းချီးပေးကြကုန်လျက် အုတ်အုတ်ကျက်ကျက် ဖြစ်ကြလေသည်။

နန်းတော်သို့ မင်းချင်းနှင့် မင်းသားငယ်တို့ ပြန်ရောက်သောအခါ မင်းကြီးက အလန့်တကြား ဖြစ်၍ "မင်းသားငယ်သည်ငယ်၍ ဘီလူးမစားသလော"ဟု မေးလေသည်။ အကြောင်းစုံကို မင်းကြီးအားရှင်းပြသော် မင်းကြီးသည် အလွန်ဝမ်းမြောက်ဖြစ်ရလေသည်။ ဤသို့ ဘုရားရှင်သည် ဆွမ်းခံချိန်ကျရောက်လာသောအခါ ပါလာသော သပိတ်သင်္ကန်း ပရိက္ခရာတို့ကို အာဠဝကဘီလူးအား ယူဆောင်စေပြီး အာဠဝီပြည်သို့ ဘုရားရှင် ကြွတော်မူလေသည်။

မြို့အနီးသို့ရောက်သော အာဠဝကဘီလူးသည် သူ၏မကောင်းမှုတို့ကို ပြုမိသည့်အတွက် ငါ့သား ငါ့အဘ မြေးတို့ကို စားသည့်ဘီလူးဟု အပြောခံရမှာရှက်၍ နှင်ထုတ်ခံရမည်စိုးသောကြောင့် မြို့ပြင်တွင် ဘီလူးချန်ရစ်လေသည်။

ဘုရားရှင်သည် ဘီလူး၏စိတ်ကို သိလျက် အားပေးစကား မိန့်ကြားသည်။ "အာဠဝက သင်သည် ငါဘုရားရှင်နှင့်လိုက်ပါက မည်သူကမျှ ပုတ်ခတ်ပြောဆို စွပ်စွဲကြမည်မဟုတ်ပါ။ သို့သော် သင်ရှက်လျှင် နေခဲ့လော့"ဟု ဘုရားရှင်က မိန့်တော်မူသည်။ ၎င်းကလည်း ဘုရားရှင်အား ဦးခိုက်ရှိခိုးပူဇော်ပြီး မြို့တံခါးမှလမ်းခွဲ၍ ပြန်သွားလေသည်။



ဘုရားရှင်သည် မြို့တွင်းသို့ အိမ်စဉ်အလိုက် ဆွမ်းခံပြီးသော် မြို့အနီးသစ်ပင်အောက်၌ ဆွမ်းဘုဉ်းပေးပြီး သီတင်းသုံးတော်မူသည်။ ထိုအခါ မင်းနှင့်တကွ မှူးကြီးအမတ်၊ ပြည်သူအပေါင်းတို့သည် ဘုရားရှင်အား ဝန်းရံလျက် "ဤကြမ်းတမ်းလှသော ဘီလူးကြမ်းကြီးကို မည်သို့ချေချွတ်ပါလဲ"ဟု လျှောက်ထားကြလေသည်။ ဘုရားရှင်ကလည်း ဘီလူး၏ တိုက်ခိုက်ပုံအလုံးစုံကို မိန့်ကြား၍ တစ်ဆယ့်နှစ်ဂါထာပါသော "အာဠဝကသုတ္တန်"ကို ဟောကြားပြန်လေသည်။ ထိုဒေသနာတော်အဆုံး၌ လူအပေါင်းတို့သည် အကျွတ်တရားရကြကုန်သည်။ ထိုအခါမှစ၍ အာဠဝီပြည်သူ ပြည်သားတို့သည် အာဠဝကဘီလူးအား ဝေဿဝဏ်နတ်မင်းကြီးနေရာအနီး၌ ဗိမာန်ပြုလုပ်၍ ကိုးကွယ်ကြလေသည်။

အာဠဝီမင်းသည် ဘုရားရှင်အား သူတို့၏ပြည်တွင် သီတင်းသုံးရန် ပင့်ဖိတ်လျှောက်ထားပြီးသော် ဘိုးတော် ဘေးတော်တို့၏ အမွေဥစ္စာဖြစ်သော သာလဝတီဥယျာဉ်အတွင်း၌ ကောင်းမွန်တင့်တယ်သော ကျောင်းများဆောက်လုပ်လေသည်။ ဘုရားရှင်လည်း သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူပြီး ဝါလနီးသောအခါမှ ရဟန်းအပေါင်းခြံရံလျက် အာဠဝီပြည်သို့ ပြန်ကြွလာပြီး သာလဝတီဥယျာဉ် ကျောင်းတော်တို့၌ သောဠသမ (တစ်ဆယ့်ခြောက်ဝါမြောက်) ဝါကပ်သီတင်းသုံးတော်မူသည်။

"ဟတ္ထာဠဝက" မင်းသား အရွယ်ရောက်သောအခါ မင်းကြီးနှင့်မှူးမတ်တို့က သင်သည် ဘုရားရှင်၏ ကျေးဇူးကြောင့် အသက်ရှင်ရသည်ဖြစ်သောကြောင့် ဘုရားရှင်ထံသို့သွားရန် တိုက်တွန်းကြသည်။ ၎င်းကလည်း အခြံအရံငါးရာနှင့်တကွ ဘုရားထံသို့သွားသည်။ ၎င်းသည် ဘုရားရှင်ထံပါး၌ မကြာမီပင် အနာဂါမ် ဖြစ်လေသည်။ ပဋိကတ်သုံးပုံ တတ်မြောက်လျက် ဥပါသကာငါးရာ၏ အကြီးအမှူး ဖြစ်လာလေသည်။ အခါတစ်ပါး၌ ဘုရားရှင်က ဟတ္ထာဠဝကအား "သင့်ပရိသတ်များသည် ကောင်းစွာ ယဉ်ကျေးပေစွ၊ ဘယ်တရားဖြင့် ချီးမြှောက်သလဲ"ဟု မေးတော်မူသည်။

၎င်းက "အရှင်ဘုရား စွန့်ကြဲပေးကမ်းနှစ်သက်သူကို **ဒါန** ဖြင့်လည်းကောင်း၊ ချစ်ဖွယ်စကား နှစ်သက်သူကို ချစ်ဖွယ်စကားပြောကြား၍ **ပီယဝါစာ** ဖြင့်လည်းကောင်း၊ ကိစ္စကြီးငယ်ပေါ်မှာ ဆောင်ရွက်ပေးမှ နှစ်သက်သူတို့ကို **အတ္ထစရိယာ** ဖြင့်လည်းကောင်း၊ ကိုယ်တူထားမှ နှစ်သက်သူကို **သမာနတ္တတာ** ဖြင့်လည်းကောင်း ချီးမြှောက်သင်္ဂြိုဟ်ပါ၏"ဟု လျှောက်ထားလေသည်။

ဘုရားရှင်သည် သင်္ဂဟဝတ္ထုလေးပါးဖြင့် ပရိသတ်တို့ကို ယူဆောင်နိုင်သော ငါ၏တပည့်ဥပါသကာတို့တွင် "ဟတ္ထာဠဝက"သည် အမြတ်ဆုံးဖြစ်၏ဟူ၍ ၎င်းအား "ပရိသသင်္ဂဟ ဧတဒဂ်"အရာ၌ ထားတော်မူလေသည်။

**အာဠဝီပြည်၌ သောဠသမဝါကပ် သီတင်းသုံးတော်မူခြင်း**

**မရဏာနုဿတိ ကမ္မဋ္ဌာန်း ဟောကြားခြင်း**

ဘုရားရှင်သည် သာဝတ္ထိပြည်မှ အာဠဝီပြည်သို့ သောဠသမ (တစ်ဆယ့်ခြောက်ဝါမြောက်) ဝါကပ်ရန် ကြွရောက်သီတင်းသုံးတော်မူသည်။ ထိုသို့ ဘုရားရှင်ကြွရောက်လာသောအခါ အာဠဝီပြည်သူပြည်သားတို့သည် လာရောက်ဖူးမြော်ကြပြီး ဆွမ်းပင့်ဖိတ်၍ ကြီးစွာသောအလှူကြီး ပေးကြလေသည်။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ၌ မရဏဿတိ မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူလေသည်။ **မိမိအသက်သည် မခိုင်မြဲ၊ မိမိသည် သေခြင်းတရား မချွတ်ပင်ဖြစ်လိမ့်မည်၊ မိမိအသက်ကား သေခြင်းလျှင် အဆုံးရှိသည်၊ အသက်ကသာ မမြဲသည်၊ သေခြင်းတရားက မချွတ်မြဲ၏**ဟု စသဖြင့် ဤသို့အချက် (၆) ချက်ဖြင့် နှလုံးသွင်းရန် "မရဏာနုဿတိ" ကမ္မဋ္ဌာန်းကို မရဏာဿတိဖြင့် ဆင်ခြင်ရန်၊ ပွားများရန်ဟောကြားလေသည်။

ဤကဲ့သို့သော သေခြင်းတရားကို မပွားခဲ့သည်ရှိသော် နောင်မိမိသေသောအခါ၌ ထိတ်လန့်ကြောက်ရွံ့၍ သေကြကုန်၏။ မရဏာဿတိဖြင့် ပွားများသောသူတို့သည် သေသောအခါ၌ မထိတ်မလန့်၊ မကြောက်ရွံ့ဘဲ ရဲရင့်တည်ကြည် စိတ်အေးငြိမ်းစွာ သေကြကုန်၏။ ဤသို့သော အကြောင်းကြောင့် "မရဏာဿတိ"ဖြင့် မရဏာနုဿတိတရားကို ပွားများကြရန်မှာကြား ဟောကြားသည်။ ဤသို့ ပွားများခြင်းအကျိုးသည် မည်သို့ရှိကြောင်းကိုလည်း ဟောတော်မူလေသည်။

လူအပေါင်းတို့သည် ကြားနာပြီးသောအခါ အချို့လူတို့သည် စိတ်ပါဝင်စားသူ နည်းပါးပြီး မိမိတို့ အလုပ်ကိစ္စများကိုသာ စိတ်ဝင်စား၍ လုပ်ကိုင်နေကြပေသည်။ သို့သော် အသက် (၁၆) နှစ်အရွယ်ရှိ ရက်ကန်းသည်သမီးသည် ဘုရားရှင် ဟောကြားသည့်တရားကိုကြားနာ၍ အံ့ဩဖွယ်ရှိသည်။ ထို့အပြင် မိမိသည် ယင်းမရဏာဿတိဖြင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်မှ သင့်လျော်မည်ဟုကြံလျက် နေ့ရောညပါ ဤမရဏာနုဿတိတရားကို ပွားများအားထုတ်လေသည်။

**ရာဇဂြိုဟ်ပြည်၌ သတ္တရသမဝါကပ်ဆိုခြင်း**

**ဥတ္တရာ (နန္ဒမာတာ) သူဌေးသမီးအကြောင်း**

ဘုရားရှင်သည် အာဠဝီပြည်၌ (၁၆ ဝါမြောက်) ဝါကပ်ပြီး၍ ဝါကျွတ်သောအခါ၌ အာဠဝီပြည်မှ ရာဇဂြိုဟ်ပြည်သို့ ဒေသစာရီ ကြွတော်မူလေသည်။ ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ ဝေဠုဝန်ကျောင်း၌ သတ္တရသမ (၁၇ ဝါမြောက်) ဝါကပ်သီတင်းသုံးတော်မူသည်။

ရာဇဂြိုဟ်ပြည်၌ သုမနသူဌေးအိမ်တွင် လယ်လုပ်အသက်မွေး အလွန်ဆင်းရဲသည့် ပုဏ္ဏနှင့် ဇနီး ဘာရိတာတို့သည် အရှင်သာရိပုတ္တရာကို ရေဒန်ပူဆွမ်းတို့ကို ကပ်လှူသောကြောင့် နေ့ချင်းပင် သူဌေးကြီး ဇနီးမောင်နှံ ဖြစ်သွားခဲ့ရသည်။ ၎င်းတို့၌ ဥတ္တရာမည်သော သမီးတစ်ဦးရှိသည်။ သူတို့သည် ဘုရားရှင်နှင့် ရဟန်းသံဃာငါးရာတို့အား ခုနစ်ရက်လုံး ဆွမ်းကပ်သည်။ ဘုရားရှင် ဟောကြားသောတရားကြောင့် သူတို့သားအမိ သားအဖ သုံးဦးစလုံး သောတာပန်ဖြစ်ရလေသည်။ သူတို့၏ ရှေးအတိတ်က ဖြစ်ရပ်ဖြစ်ပါသည်။

သုမနသူဌေးသည် သူ၏သား "နန္ဒ"နှင့် လက်ထပ်ထိမ်းမြားရန်အတွက် ပုဏ္ဏသမီး ဥတ္တရာကို သွားတောင်းခဲ့သည်။ ပုဏ္ဏကသူ၏ သမီးသည် မိစ္ဆာယူသည်။ ဘုရား၊ တရား၊ သံဃာ ကြည်ညိုသူ မဟုတ်သောကြောင့် သုမနသူဌေး၏ တောင်းခံချက်ကို ငြင်းလေသည်။ သုမနသူဌေးနှင့် အပေါင်းပါ သူဌေးများက ပုဏ္ဏသူဌေးကို ဖျောင်းဖျ အကြိမ်ကြိမ် တောင်းခံသောကြောင့် မငြင်းသာဘဲ သမီး ဥတ္တရာကို ကောင်းစွာ အခြွေအရံများနှင့် သူဌေးသုမနအိမ်သို့ ပို့လိုက်လေသည်။ ယင်းနေ့မှာပင် သုမနသူဌေးသည် သူ့သားနန္ဒနှင့် ဥတ္တရာတို့ကို ထိမ်းမြားလက်ထပ်ပေးလိုက်လေသည်။

**ဘုရားရှင်က ဟတ္ထာဠဝကအား "သင့်ပရိသတ်များသည် ကောင်းစွာ ယဉ်ကျေးပေစွ၊ ဘယ်တရားဖြင့် ချီးမြှောက်သလဲ"ဟု မေးတော်မူသည်။ ၎င်းက "အရှင်ဘုရား စွန့်ကြဲပေးကမ်းနှစ်သက်သူကို ဒါနဖြင့်လည်းကောင်း၊ ချစ်ဖွယ်စကား နှစ်သက်သူကို ချစ်ဖွယ်စကားပြောကြား၍ ပီယဝါစာဖြင့်လည်းကောင်း၊ ကိစ္စကြီးငယ်ပေါ်မှာ ဆောင်ရွက်ပေးမှ နှစ်သက်သူတို့ကို အတ္ထစရိယာဖြင့်လည်းကောင်း၊ ကိုယ်တူထားမှ နှစ်သက်သူကို သမာနတ္တတာဖြင့်လည်းကောင်း ချီးမြှောက်သင်္ဂြိုဟ်ပါ၏"ဟု လျှောက်ထား**

(ဆက်လက်ဖော်ပြပါမည်)

❖ ဝိုင်ဘီအက်စ်မှ

စပယ်ယာတင်ဆောင်ခြင်း မပြုရဆိုတဲ့ စာတန်းပါ စတေကာတွေကို ဝိုင်ဘီအက်စ် ယာဉ်တွေမှာ တပ်ဆင်သွားမှာ ဖြစ်ပါတယ်။ ဒီစာတန်းကို ကပ်ခြင်းအားဖြင့် ခရီးသည်တွေကလည်း စပယ်ယာဆိုတာက တရားဝင် မဟုတ်ဘူးဆိုတာကို သိရှိသွားမှာဖြစ်ပြီး စပယ်ယာပါတာ တွေ့ရှိခဲ့ရင်လည်း တိုင်ကြားလို့ရမှာဖြစ်ပါတယ်။ စပယ်ယာ (ယာဉ်အကူ) ပါတဲ့ယာဉ်ကို CNG သုံးလပိတ်တာ၊ ယာဉ်သုံးလပိတ်တာ၊ ဒီဇယ်ယာဉ်ဆို တစ်နှစ်ပိတ်တာတွေ၊ ယာဉ်မောင်းသူကို ဝိုင်ဘီအက်စ် ယာဉ်မောင်းနှင်ခွင့် ရာသက်ပန်ပိတ်သိမ်းတာတွေ လုပ်ဆောင်အရေးယူသွားမှာဖြစ်ပါတယ်” ဟု ဦးလျှန်ကျင့်မန်က ရှင်းလင်းပြောကြားသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် ဝိုင်ဘီအက်စ်ခရီးသည်တင်ယာဉ် အစီးရေ ၅၀၀၀ ကျော်တွင် စပယ်ယာတင်ဆောင်ခြင်း မပြုရ စာတန်းပါစတေကာများအား ယခုဇူလိုင်လအတွင်း တပ်ဆင်သွားမည်ဖြစ်ကာ ယာဉ်တစ်စီးလျှင် စတေကာသုံးခု(သုံးနေရာ) တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဝိုင်ဘီအက်စ်ယာဉ်များတွင် စပယ်ယာတင်ဆောင်မှုပြုခြင်း အပါအဝင် ခရီးသည်များအနေဖြင့် နစ်နာမှုများရှိပါက ဖုန်းနံပါတ် ၀၉-၄၄၈၀၄၇၁၄၉၊ ၀၉-၄၄၈၀၄၇၁၅၃ နှင့် ၀၉-၄၄၈၀၄၇၁၅၄ တို့သို့ ဆက်သွယ် တိုင်ကြားနိုင်ကြောင်းလည်း YRTC မှ သိရသည်။

**ကိုထက်**

## မြစ်ကြီးနားမြို့နယ် စိုက်ပျိုးရေးငွေစုငွေချေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စိုက်ပျိုးရေး ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး နှင့် အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ပွဲကို ရောရပ်ကွက်ရှိ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**ထုတ်ပေး**

အခမ်းအနားတွင် အသင်းမှ စုဆောင်းငွေပေါ် အတိုးငွေ ၅၄၅၆၁၇၅ ကျပ်၊ အသင်းသားချီးမြှင့်ငွေကျပ် ၁၃၀၀၀၀၀၊ တက်ရောက်လာသည့် အသင်းသား အသင်းသူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် အသင်းသား အသင်းသူ ၁၃၀ အတွက် ငွေကျပ် ၁၃၀၀၀၀၀ စုစုပေါင်းငွေ ၈၀၅၆၁၇၅ ကျပ် ထုတ်ပေးခဲ့ကြောင်းနှင့် သမဝါယမဥပဒေ၊ နည်းဥပဒေနှင့်အညီ အမှုဆောင်သစ် ခုနစ်ဦးကို ရွေးချယ်ခြင်း၊ ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ MNL ယူ-၂၀ မှ

သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်းတို့ ဂိုးမရှိသရေ၊ ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

**လေးပွဲသရေကျ**

ယခုတစ်ပတ်တွင် ရှမ်းယူနိုက်တက်နှင့် အား/ကာ သိပ္ပံအသင်းသာ အနိုင်ရပြီး ကျန်လေးပွဲစလုံး သရေကျခဲ့သည်။ ပွဲစဉ် (၅) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ၁၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက လေးပွဲကစား ၁၀ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ငါးပွဲကစား ကိုးမှတ်၊ ရွှေဝတီယူနိုက်တက်အသင်းက ငါးပွဲကစား ရှစ်မှတ်၊ Junior Lions အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ရတနာပုံအသင်းက လေးပွဲကစား ခုနစ်မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ငါးပွဲကစား ခြောက်မှတ်၊ Dagon Port အသင်းက လေးပွဲကစား ငါးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ငါးပွဲကစား ငါးမှတ်၊ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းက ငါးပွဲကစား သုံးမှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းက လေးပွဲကစား တစ်မှတ်စီ ရရှိထားသည်။

**သတင်း-ကိုညီလေး ဓာတ်ပုံ-MNL**

### ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | (Lot) နံပါတ် | လုပ်ငန်းအမည် | လုပ်ငန်း တည်နေရာ |
|---|---|---|---|
| ၁။ | Lot-5 | (၄)ခန်းတွဲ(၂)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (၈၀x၄၀x၂၄)ပေ၊ | ထားဝယ်မြို့ |

၂။ အောက်ပါအစီအစဉ်အတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါစတင်ရောင်းချမည့် နေ့ရက်/အချိန် - (၅-၇-၂၀၂၄)ရက်နေ့ (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီထိ

( ခ ) တင်ဒါပိတ်မည့် နေ့ရက်/အချိန် - (၂၂-၇-၂၀၂၄)ရက်နေ့ (၁၆:၀၀)နာရီ

(ဂ) တင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန် - (ထပ်မံအသိပေးသွားပါမည်)

(ဃ) တင်ဒါတင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ - တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထားဝယ်မြို့

၃။ အသေးစိတ်သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ် မြို့၊ ဌာနခွဲ(၁)၊ ဌာနစု(၂)၊ အုပ်ချုပ်/ထောက်ပံ့ ဌာနစိတ်၊ (ဖုန်း-၀၅၉-၂၀၂၃၅၅၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ စစ်တွေမြို့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ (Open Tender)များ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

LOT-1 (က) Blower House(လေပေးခန်း) (၁၅'x၁၀'x၁၀') — စစ်တွေမြို့

(ခ) မျိုးဖောက်ဆောင်(၄၀'x၃၀'x၁၂') — ။

(ဂ) ပိုးသတ်ကန်(၆)လုံး (၉၆'x၅၀') အကြီးစား ပြန်လည်မွမ်းမံခြင်း — ။

LOT-2 (က) ပင်မသားဖောက်ဆောင် (၉၀'x၇၀'x၁၂') — စစ်တွေမြို့

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါအား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) တင်ဒါ တင်သွင်းမည့် နေရာ - ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီး ဌာနရုံး

(ခ) တင်ဒါပုံစံ စတင် ဝယ်ယူရန်/အချိန် - ( ၅-၇-၂၀၂၄)နံနက်၊ (၁၀:၀၀)နာရီ

(ဂ) တင်ဒါ တင်သွင်း နောက်ဆုံးရက် - (၁၉-၇-၂၀၂၄)ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၃။ အသေးစိတ် အချက်အလက်များအား ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီး ဌာနရုံးတွင် စုံစမ်းနိုင်ပြီး အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်-

ဖုန်းနံပါတ်- ၀၉-၆၆၁၄၀၃၀၈၆၊ ၀၉-၄၂၁၇၁၄၀၂၄

**တင်ဒါကော်မတီ**
**ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁) ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၅၅၆/A) ၊ ပဥ္စမထပ်တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ် ငွေးငွေးလွင် (၁၂/သဃက (နိုင်) ၁၃၄၁၀၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်ကျော်ဦး ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၅၄)
ရုံး - အမှတ်-၃၈၈/၃၉၈၊ ၄-လွှာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၀၀၂၄၂၄၃၊ ၀၉ ၇၉၅၃၂၈၃၃၆

